


# ပဋိပက္ခများကို ပိုမိုအားကောင်းစေခြင်းမျိုး

## ဖြစ်နေပါသလား။ သံလွင်မြစ်ဝှမ်းဒေသတွင်ရှိသော စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်များအပေါ် သုံးသပ်ချက်

INTERNATIONAL RIVERS
people • water • life

International Rivers protects rivers and defends the rights of communities that depend on them.

We seek a world where healthy rivers and the rights of local river communities are valued and protected. We envision a world where water and energy needs are met without degrading nature or increasing poverty, and where people have the right to participate in decisions that affect their lives.

This report was published by International Rivers in October 2020.
1330 Broadway, 3rd Floor, Oakland CA 94612, USA .
Tel: +1 510 848 1155
www.internationalrivers.org

**Authors:** Keelia Fitzpatrick and Maureen Harris

**Suggested citation:** Fitzpatrick, K. and Harris, M. (2020) Powering Conflict? An analysis of Business and Human Rights Responsibilities in the Salween Basin. Oakland, USA: International Rivers.

**Design and layout:** Siriporn Pornsiritived
**Copy editor:** Melanie Scaife

**Front cover photo:** The Salween River on the Thai-Myanmar border. On the Thai side is the Salween wildlife sanctuary, on the Myanmar side is the Salween Peace Park. Photo: International Rivers
**Back cover photo:** Karen ethnic villagers and allies from Thailand and Myanmar gather to pray for the free-flowing river on International Day of Action for Rivers. Photo: International Rivers
**Table of Contents photo:** The Salween River on the Thai-Myanmar border. Photo: Sophia Harris

**Acknowledgements**
IInternational Rivers would like to acknowledge and thank the many people who contributed to this report, including the peer reviewers for their expert input and comments; translators; and colleagues at Oxfam, KESAN and International Rivers.

This report is published with the generous support of the Transboundary Rivers of South Asia (TROSA) Program, Oxfam, and the Swedish International Development Cooperation Agency (SIDA).

**Disclaimer:** The views expressed in this publication are not necessarily the views of TROSA, SIDA, Oxfam or KESAN.

# မာတိကာ


**မိတ်ဆက်ကဏ္ဍ** 4

**သံလွင်မြစ်ဝှမ်းဒေသရှိ ပဋိပက္ခနှင့် လူ့အခွင့်အရေး** 7
ပဋိပက္ခတို့၏ ပမာဏနှင့် သဘောသဘာဝ 8
လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ 13

**သံလွင် မြစ်ဝှမ်းဒေသများအတွက် အကျုံးဝင်သော လူ့အခွင့်အရေး စံနှုန်းများ** 19
သံလွင်ရေကာတာရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်ပတ်သက်သူများ၏ တာဝန်များ 20
မြန်မာနိုင်ငံ၏ တာဝန်များ 26
ရင်းနှီးမြှုပ်နှံသူများ၏ ပင်မနိုင်ငံများ၏ တာဝန်များ 29

**အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် ကုစား ဖြေရှင်းပေးခြင်း** 33
အိမ်ရှင် မြန်မာနိုင်ငံ အတွင်း 34
ရင်းနှီးမြှုပ်နှံသူများ၏ မိခင်နိုင်ငံများတွင် 34
မိမိဆန္ဒအလျောက်သဘောတူထားသည့် စည်းမျဉ်းများမှတစ်ဆင့်ဆောင်ရွက်ခြင်း 35

**စီမံကိန်း ဘဏ္ဍာရေးနှင့် သက်ဆိုင်သော အခြေခံမှုများ** 37
ရင်းနှီးမြှုပ်နှံမှုတွင် ကြုံတွေ့ရနိုင်သော အန္တရာယ်များ 39

**လူ့အခွင့်အရေးများကို ကာကွယ်ရန် လှုပ်ရှားမှုများပြုလုပ်ခြင်း** 42
စီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ 44
ရင်းနှီးမြှုပ်နှံသူများ 44
စီမံကိန်း၏ သက်ရောက်ခြင်း ခံရသော အဖွဲ့အစည်းများ 45
အစိုးရများ 45

**နောက်ဆက်တွဲ** 46
အသုံးပြုသည့် နည်းလမ်းများ၊ မူဘောင်များ နှင့် လမ်းညွှန်များ 46






# မိတ်ဆက်ကဏ္ဍ

မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၀ခုနှစ် စစ်အစိုးရအုပ်ချုပ်မှု ပြီးဆုံးသွားသည့်အချိန်မှစ၍ အရှိန်အဟုန်တိုးတက်လျက်ရှိသည်။ လျှပ်စစ်စွမ်းအင်ကဏ္ဍသည် ဤဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသော အပိုင်းတစ်ခုအနေနှင့် ပါဝင်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်းတွင် မြန်မာနိုင်ငံအတွင်း စွမ်းအင်ထုတ်လုပ်ရန်နှင့် အိမ်နီးချင်းနိုင်ငံများထံသို့ တင်ပို့ရန်အတွက် နိုင်ငံတစ်ဝှမ်းတွင် အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးများကို ဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းများဘက်မှ အဆိုပြုထားကြသည်။ ထိုစီမံကိန်းများထဲတွင် သံလွင်မြစ်ပေါ်၌ အကြီးစားရေအားလျှပ်စစ်ဆည်များကို တည်ဆောက်ရန်လည်း ပါဝင်သည်။

သံလွင်မြစ်သည်[1] တရုတ်ပြည်၌ မြစ်ဖျားခံပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်သန်း၍ စီးဆင်းလျက်ရှိသည်။ သံလွင်မြစ်ရေစီးကြောင်းပေါ်တွင် အကြီးစား ရေအားလျှပ်စစ်ဆည်စီမံကိန်း ငါးခုတို့ကို တည်ဆောက်ရန်အတွက် အဆိုပြုထားကြသည်။ အဆိုပါဆည်များသည် မြန်မာနိုင်ငံတွင် “တိုင်းရင်းသားလူမျိုးစုများ” (ethnic nationalities) ဟုခေါ်ဆိုကြသော မူလဌာနေတိုင်းရင်းသားအုပ်စုများ နေထိုင်ရာ “တိုင်းရင်းသားပြည်နယ်” အများအပြားတွင် တည်ရှိလျက်ရှိသည်။ သံလွင်မြစ်အဓိကစီးဆင်းရာတွင် ရှိသောဆည်များမှာ မန်တုံ(တာဆန်း)၊ ကွန်းလုံနှင့် နောင်ဖာဟုခေါ်သော ရှမ်းပြည်နယ်ရှိ ဆည်များနှင့် ကရင်ပြည်နယ်ရှိ ဟတ်ကြီးဆည်နှင့် ကယားပြည်နယ်ရှိ ရွာသစ်ဆည်တို့ဖြစ်ကြသည်။ အခြားသော တည်ဆောက်ရန်အဆိုပြုထားသော ရေအားလျှပ်စစ်ဆည်များမှာလည်း သံလွင်မြစ်ဝှမ်းဒေသအတွင်းရှိ မြစ်လက်တက်များပေါ်တွင်ပင်ဖြစ်သည်။

အဆိုပါပြည်နယ်တစ်ခုချင်းစီတို့သည် မြန်မာအစိုးရ(နှင့် ၎င်း၏ တပ်များ) နှင့် လွတ်လပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုလိုလား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ဖြစ်ပွားသော ပဋိပက္ခများကို ဆယ်စုနှစ်ပေါင်းများစွာ ရင်ဆိုင်ခံစားခဲ့ရသည်။ ပဋိပက္ခများကြောင့် ဒေသခံရပ်ရွာအသိုင်းအဝိုင်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း တွေ့ကြုံခံစားခဲ့ရသည်။ အဆိုပါနယ်မြေများတွင် တိုက်ပွဲများဖြစ်ပွားနိုင်ခြေ ဆက်လက်ရှိနေဆဲဖြစ်ပြီး ၎င်းတို့ကို “ပဋိပက္ခဘေးသင့်ရာ နယ်မြေများ” ဟု သတ်မှတ်ထားကြသည်။ ရေအားလျှပ်စစ်ထုတ်လုပ်တည်ဆောက်ခြင်း အပါအဝင် သယံဇာတများ ထုတ်ယူရေးနှင့် ထိန်းချုပ်ရေးတို့ဟူသော အကြောင်းတရားများသည်လည်း ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခများဖြစ်ပေါ်နေရခြင်းနှင့် အင်မတန်မှ သက်ဆိုင်လျက်ရှိသည်။ သံလွင်ဆည်များသည် သဘာဝပတ်ဝန်းကျင်အပေါ် ပြင်းထန်စွာ ထိခိုက်မှုများ၊ ဒေသခံများ အိုးအိမ်စွန့်ခွါရမှုများနှင့် လူ့အခွင့်

**၁။ သံလွင်မြစ်၏ သဘာဝလက်ဆောင်များအတွက် ဘာသာရေးဆုတောင်းရွတ်ဆိုပွဲ**
Photo: Sophia Harris

---

[1] မြန်မာနိုင်ငံတွင် **Salween River** ကို သံလွင်ဟုခေါ်ပြီး တရုတ်ပြည်တွင် နုမြစ် သို့မဟုတ် နုကျန်းဟု ခေါ်သည်။

အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်နေသော ကိစ္စများနှင့် သယံဇာတများအပေါ် သက်ဆိုင်ရာဒေသများက ထိန်းချုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တို့ မရှိသောကြောင့် အငြင်းပွားမှုများ ဖြစ်ပေါ်လေ့ရှိပြီး ဒေသခံအသိုင်းအဝိုင်းတို့၏ ဆန့်ကျင့်ခြင်းကို ခံရလေ့ရှိသည်။

ရေအားလျှပ်စစ်ကဏ္ဍတွင် ပိုမိုတိုးတက်မှုရှိလာစေရန် ရည်ရွယ်၍ ၂၀၁၆ခုနှစ်တွင် ရေအားလျှပ်စစ်ဆိုင်ရာ မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုကို နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း(IFC) မှ စတင်ဆောင်ရွက်ခဲ့သည်။ ရေအားလျှပ်စစ်နှင့် ပဋိပက္ခများအကြား ဆက်စပ်မှုအပါအဝင် ရေအားလျှပ်စစ်တည်ဆောက်မှုကြောင့် ဖြစ်လာသော အကျိုးဆက်များကိုပါ လေ့လာသုံးသပ်ထားသော နောက်ဆုံးအဆင့်အစီရင်ခံစာကို ဒီဇင်ဘာလ ၂၀၁၈တွင် ထုတ်ဝေခဲ့သည်။ ခြုံငုံပြောရလျှင် ထိုလေ့လာချက်သည် သံလွင်မြစ်အပါအဝင် မြန်မာနိုင်ငံရှိ အဓိကစီးဆင်းလျက်ရှိသော မြစ်ကြီးများ၏ ပင်မရေစီးကြောင်းတို့ကို သဘာဝပတ်ဝန်းကျင်ရှုထောင့်အရ ရေရှည်တည်တံ့နိုင်စေရန်အတွက် လွတ်လပ်စွာစီးဆင်းလျက်ရှိသော မြစ်များအဖြစ်သာ ထားသင့်ကြောင့် အကြံပြုထားသည်။

ထိုအစီရင်ခံစာတွင်လည်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သံလွင်မြစ်နှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သောသူများ၏ တာဝန်များနှင့် နှင့် လူ့အခွင့်အရေးနှင့်ပဋိပက္ခအရေးတို့ သက်ဆိုင်သော လူ့အခွင့်အရေးမူဘောင်များကို သုံးသပ်ပြထားသည်။ သံလွင်ဆည်များကို တည်ဆောက်ရေးတွင် ပါဝင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်အများစုမှာ တရုတ်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ ဖြစ်ကြသည်။ ၎င်းတို့ထဲတွင် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ(SOEs) နှင့် အများပိုင်နှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ ပါဝင်ကြသည်။ အဆိုပါအစီရင်ခံစာထဲတွင် သံလွင်ဆည်တည်ဆောက်ရာ၌ပါဝင်သော၊ ထိုစီမံကိန်းများအတွက် ငွေကြေးထောက်ပံ့ရာတွင် ရင်းနှီးမြှုပ်နှံသူများနှင့် အတူပါဝင်သော စီးပွားရေးလုပ်ငန်းများကို တစ်စုတစ်စည်းတည်း “သံလွင်ရေကာတာစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူများဟု” ဟု ရည်ညွှန်းထားသည်။[2]

ထို အစီရင်ခံစာမှ တွေ့ရှိသည်မှာ ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများဘက်မှ   စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စံချိန်စံနှုန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကျင့်သုံးမည်ဆိုပါက သံလွင်မြစ်ဝှမ်းဒေသကဲ့သို့ ပဋိပက္ခဒဏ်ခံထားရသော နေရာမျိုးတို့တွင် ရေအားလျှပ်စစ်တည်ဆောက်ရေးနှင့် လူ့အခွင့်အရေးဖောက်ဖောက်မှုတို့ကို တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အကန့်အသတ်မှုများ အများအပြားရှိနေနိုင်သည်။ ထို့ကြောင့် သံလွင်မြစ်ဝှမ်းဒေသတွင် အဆိုပြုထားသော ဆည်များနှင့် ပတ်သက်၍ သံလွင်ရေကာတာရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွင် ပတ်သက်နေသောသူများ ဆက်လက်ပါဝင်နေခြင်းသည် နိုင်ငံတကာနှင့် ပြည်တွင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိမေးခွန်းထုတ်စရာ ဖြစ်လာသည့်အပြင် ဥပဒေရေးရာ၊ ငွေကြေးနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်နိုင်ခြေများလည်း ဖြစ်ပေါ်လာသည်။

ထိုဖြစ်နိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများအား စီမံကိန်းရင်နှီးမှုဆိုင်ရာ ပါဝင်ပတ်သက်သူများ၊ အစိုးရအရာရှိများနှင့် စီမံကိန်းကြောင့် ထိခိုက်ခံစားရမည့်သူများအတွက် အကြံပြုထားသော လုပ်ငန်းစဉ်များနှင့်အတူ ဤအစီရင်ခံစာ အတွင်းတွင် လေ့လာတင်ပြထားပါသည်။

> **ဤအစီရင်ခံစာမှ တွေ့ရှိသည်မှာ ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများဘက်မှ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ရင်းနှီးမြှုပ်နှံမှု စံချိန်စံနှုန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကျင့်သုံးမည်ဆိုပါက သံလွင်မြစ်ဝှမ်းဒေသကဲ့သို့ ပဋိပက္ခဒဏ်ခံထားရသော နေရာမျိုးတို့တွင် ရေအားလျှပ်စစ်တည်ဆောက်ရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့ကို တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အကန့်အသတ်များ အများအပြားရှိနေနိုင်သည်။**

[2] IFC, *Strategic Environmental Assessment of the Myanmar Hydropower Sector, Final Report*, International Finance Corporation, 2018, p. 81. <http://www.ifc.org/wps/wcm/connect/industry_ext_content/ifc_external_corporate_site/hydro+advisory/resources/sea+of+the+hydropower+sector+in+myanmar+resources+page>.



ထိုင်း-မြန်မာနယ်စပ်ရှိ သံလွင်မြစ်။ ထိုင်းနိုင်ငံဘက်၌ သံလွင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှိပြီး မြန်မာနိုင်ငံဘက်၌ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိသည်။
Photo: International Rivers

# သံလွင်မြစ်ဝှမ်းဒေသရှိ ပဋိပက္ခနှင့် လူ့အခွင့်အရေး

လွန်ခဲ့သော ၁၀နှစ်တာကာလအတွက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးပြောင်းသည် တစ်နိုင်ငံလုံး ညီတူမျှတူ ပြောင်းလဲခဲ့ခြင်းမရှိဘဲ ထိလွယ်ရှလွယ်အနေအထားတွင် ဆက်လက်တည်ရှိနေသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်သော အနေအထားများ တိုးတက်လာသော်လည်း ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အပါအဝင် အချို့သော နယ်မြေများတွင် ချိုးဖောက်မှုများ ပိုမိုပြင်းထန်လာသည်။ ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ဆိုသည်မှာ မြန်မာ့တပ်မတော်မှ အကြီးတန်းအရာရှိများကို ရခိုင်ပြည်နယ်ရှိ လူမျိုးတုံးသတ်ဖြတ်မှုနှင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ကျူးလွန်ခဲ့သော လူသားထုတစ်ရပ်လုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုပြုရန်အကြောင်းပြချက်များ ရှိသည်ဟုဆိုသည်။[3] ရလဒ်အနေနှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူ့အခွင့်အရေး အခြေအနေအား နိုင်ငံတကာမှ ဆက်လက်သတိထားမိစေပြီး တိုင်းရင်းသားပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှု သမိုင်းကြောင်းရှိသော နယ်မြေများတွင် ရေအားလျှပ်စစ်တည်ဆောက်မှုအား နီးနီးကပ်ကပ်စောင့်ကြည့်ဆန်းစစ်နေမည်ဖြစ်သည်။

[3] United Nations Human Rights Council, *Resolution 39/2 Situation of human rights of Rohingya Muslims and other minorities in Myanmar*, 27 September 2018, A/HRC/RES/39/2. <http://documents-dds-ny.un.org/doc/UNDOC/GEN/G18/293/69/PDF/G1829369.pdf?OpenElement>.

မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း
များအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆောင်ရွက်နေသည်မှာ
၂၅နှစ်ကျော်ပြီ ဖြစ်သည်။ ၂၁ရာစု ပင်လုံညီလာခံ
ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ၂၀၁၆တွင် စတင်ခဲ့သည်။
ထိုကဲ့သို့သော လက်တလော တိုးတက်မှုများရှိနေသော်လည်း
မြန်မာနိုင်ငံသည် ပဋိပက္ခဒဏ်ခံနေရသော ပတ်ဝန်းကျင်
သို့မဟုတ် နယ်မြေများအား သတ်မှတ်ထားသော
အဓိပ္ပာယ်သတ်မှတ်ချက်အတွင်း ယေဘုယျသဘောအားဖြင့်
ပါဝင်နေသောကြောင့် “ပဋိပက္ခလွန်” အခြေအနေတွင်
ရောက်ရှိနေသည်ဟု မပြောနိုင်ချေ။ ပဋိပက္ခဒဏ်ခံရသော
နယ်မြေများတွင် ပါဝင်သော နယ်မြေများမှာ အကြမ်းဖက်ပဋိပက္ခများ
ဖြစ်နိုင်ခြေမြင့်မားသော နယ်မြေများ၊ အကြမ်းဖက်ပဋိပက္ခဖြစ်ပွါးလျ
က်ရှိသော နယ်မြေများ သို့မဟုတ် ပဋိပက္ခလွန်ကာလရောက်ပြီဟု
သတ်မှတ်ထားသော နိုင်ငံများအပါအဝင် မကြာသေးမီကမှ
ပဋိပက္ခများ လွန်မြောက်ထားသော နယ်မြေများဖြစ်ကြသည်။
ပဋိပက္ခဒဏ်ခံရသော နယ်မြေများကို လက်နက်ကိုင်ပဋိပ
က္ခများတည်ရှိမှု၊ အကြမ်းဖက်မှု၏ ကျယ်ပြန့်စွာတည်ရှိမှု
သို့မဟုတ် လူအများ ဘေးဒဏ်သင့်နိုင်သော အခြားသော
အခြေအနေများပေါ်တွင် မူတည်၍ သတ်မှတ်ခြင်းဖြစ်သည်။
ထိုအထဲတွင် လွတ်မြောက်ရေးတိုက်ပွဲများ သို့မဟုတ်
ပုန်ကန်ထကြွမှု သို့မဟုတ် ပြည်တွင်းစစ်များ ပါဝင်နိုင်သည်။[4]
ပဋိပက္ခဒဏ်ခံရသော နယ်မြေများကို အများအားဖြင့် လူ့
အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ
ဥပဒေတို့အား ချိုးဖောက်မှု ကျယ်ကျယ်ပြန့်ပြန့်တည်ရှိသော
ပုံစံမျိုးဖြင့် ပုံဖော်လေ့ရှိကြသည်။[5] ထို အခြေအနေမျိုးတွင်
ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများသည် ညှင်းပန်းမှုကို
အစောကတည်းက ခံစားရပြီးဖြစ်သော ပြည်သူတို့အား ထပ်မံ၍
ထိခိုက်နစ်နာစေနိုင်လေသည်။

ရေအားလျှပ်စစ်တည်ဆောက်ရေးတွင် မြန်မာ့လက်နက်ကိုင်
တပ်ဖွဲ့(အစိုးရတပ်မတော်)၏အခန်းကဏ္ဍသည် သံလွင်ရေကာ
တာတည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၏
စီးပွားရေးနှင့် လူ့အခွင့်အရေးဆန်းစစ်မှုများတွင် အရေးကြီးသော
အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လျက်ရှိသည်။ လက်နက်ကိုင်တပ်များ
(တပ်မတော်မှ ထိန်းချုပ်ထားသော နယ်ခြားစောင့်တပ်များ
အပါအဝင်) သည် ပုံမှန်အားဖြင့် ဆည်တည်ရှိရာနေရာများတွင်
လုံခြုံရေးတာဝန်ယူပေးလေ့ရှိသည်။ သံလွင်ဆည်အများအပြားသည်
သံလွင်ဆည်များနှင့် ပတ်သက်၍ သဘောထားတိုက်ဆိုင်မှု
မရှိကြသော မြန်မာနိုင်ငံပြည်ထောင်စုအစိုးရတပ်များ၊
လက်နက်ကိုင်တပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း
များ ရောချအုပ်ချုပ်သော နယ်မြေများတွင် တည်ရှိနေကြသည်။[6]
အစီရင်ခံစာမှ တင်ပြသည်မှာ နယ်ခြားစောင့်တပ်များသည်လည်း
သက်ဆိုင်ရာနယ်မြေများကို ရှင်းလင်းပေးခြင်းနှင့်
ဆောက်လုပ်ရေးလုပ်ရာနေရာသို့ ဝင်ထွက်သွားလာနိုင်ရန်
ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆည်နေရာကို လုံခြုံရေးပေးရာတွင်
ပါဝင်လျက်ရှိကြောင်းသိရသည်။

နောင်လာမည့် အပိုင်းများတွင် မြန်မာ့ရေအားလျှပ်စစ်ကဏ္ဍဆိုင်ရာ
မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆန်းစစ်ချက်ထဲ
တွင် အသေးစိတ်ဖေါ်ပြထားသော ပဋိပက္ခနှင့် ပတ်သက်သော
တွေ့ရှိချက်များကို ခြုံငုံ၍ အကျဉ်းချုပ်တင်ပြထားသကဲ့သို့
သံလွင်မြစ်ဝှမ်းဒေသတွင်ရှိသော ပဋိပက္ခတို့၏ အခြေအနေကိုလည်း
ဖော်ပြထားသည်။

## ပဋိပက္ခတို့၏ ပမာဏနှင့် သဘောသဘာဝ

*မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆန်းစစ်ချက် –
တွေ့ရှိချက်များ ခြုံငုံတင်ပြခြင်း*

နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း(IFC) ၏ မြန်မာနိုင်ငံ၏
ရေအားလျှပ်စစ်ကဏ္ဍအပေါ် မဟာဗျူဟာမြောက်
သဘာဝပတ်ဝန်းဆန်းစစ်ချက် (‘SEA’) ထဲတွင် အစိုးရနှင့်
အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၏
မြစ်ဝှမ်းဒေသအတွင်းရှိ ဒေသငယ်များအတွင်း ဖြစ်ပေါ်သော
ပဋိပက္ခများကို လေ့လာသုံးသပ်ထားသော ငြိမ်းချမ်းရေးနှင့်
ပဋိပက္ခအပါအဝင် အခြေခံအချက်အလက်ဆန်းစစ်မှု
အများအပြားပါဝင်သည်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့နှင့်
အရပ်ဖက်လူမှုအဖွဲ့အစည်းတို့ကမူ SEA သည် ၎င်း၏
တိုင်ပင်ဆွေးနွေးမှုရယူသော လုပ်ငန်းစဉ်များမှာ
ပြည့်စုံလုံလောက်မှုမရှိသကဲ့သို့ ပဋိပက္ခအပေါ် ၎င်း၏
သုံးသပ်ချက်မှာ စုံလင်မှုမရှိဟု ထင်မြင်ကြောင်းပြောဆိုလျက်
ဝေဖန်ခဲ့ကြသည်။[7] ထိုကဲ့သို့ ထောက်ပြစရာအချက်များရှိသော်လည်း
ရေအားလျှပ်စစ်နှင့် ပဋိပက္ခကို အထူးပြုသီးသန့်လေ့လာထားသော
လေ့လာချက်ဖြစ်သောကြောင့် SEA ၏ တွေ့ရှိချက်များမှာ
ထင်ရှားသည်။

[4] M Van Dorp, *Multinationals and Conflict: International principles and guidelines for corporate responsibility in conflict affected areas*, SOMO, Amsterdam, 2014, p.12. <http://www.somo.nl/wp-content/uploads/2014/12/Multinationals-and-Conflict-1.pdf>.

[5] Organisation for Economic Cooperation and Development (OECD), *OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas: Third Edition*, OECD Publishing, 2016, p.13. <http://www.oecd.org/corporate/oecd-due-diligence-guidance-for-responsible-supply-chains-of-minerals-from-conflict-affected-and-high-risk-areas-9789264252479-en.htm>.

[6] Burma Environmental Working Group, *Resource Federalism: A roadmap for decentralised governance of Burma's natural heritage*, BEWG, 2017 <http://www.burmalibrary.org/sites/burmalibrary.org/files/obl/docs23/BEWG-2017-ResourceFederalism-en-red.pdf>.

[7] International Rivers, *Strategic Environmental Assessment of the Myanmar Hydropower Sector: Discussion Brief*, July 2019. <http://www.internationalrivers.org/resources/reports-and-publications/strategic-environmental-assessment-of-the-myanmar-hydropower-sector-discussion-brief/>.

“ပဋိပက္ခဒဏ်ခံရနိုင်ခြေ” အပေါ် SEA ၏ ဆန်းစစ်မှုအရ တွေ့ရှိရသည်မှာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြစ်ဝှမ်းဒေသငယ်များ၏ ၃၃% မှာ ပဋိပက္ခဒဏ်ခံရနိုင်ခြေ “မြင့်မား” လျက်ရှိကြောင်း တွေ့ရှိရသည်။ ရှမ်းပြည်(မြောက်ပိုင်း) မြစ်ဝှမ်းဒေသငယ်များတွင် လက်နက်ကိုင်အုပ်စုများ အများအပြားရှိနေခြင်း၊ ပဋိပက္ခဖြစ်ပွါးမှုများ မြင့်မားခြင်းနှင့် ၂၀၁၂နှင့် ၂၀၁၆အကြား အိုးအိမ်စွန့်ခွါရသူ လူဦးရေများပြားခြင်းတို့ကြောင့် ပဋိပက္ခဒဏ်ခံရနိုင်ခြေ “မြင့်မား” သို့မဟုတ် “အလွန်မြင့်မား” ဟု အများစုကို သတ်မှတ်ထားရသည်။[8] ရှမ်းပြည် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကရင်ပြည်နယ်တို့ရှိ မြစ်ဝှမ်းဒေသငယ်တို့ကို လက်နက်ကိုင် အုပ်စုအများအပြားရှိခြင်း၊ သမိုင်းကြောင်းအစဉ်အဆက်အရ ပဋိပက္ခကြီးကြီးမား မားရှိခြင်းနှင့် သမိုင်းကြောင်းအရ လူအများအပြားအိုး အိမ်စွန့်ခွါခဲ့ရမှုတို့ကြောင့် ထိုဒေသများတွင် လက်ရှိ၌ အပစ်အခတ်ရပ်စဲထားသော်လည်း “သင့်တင့်” နှင့် “မြင့်မား” ဟု အဆင့်သတ်မှတ်ထားခြင်းခံထားရသည်။

SEA ၏ နောက်ဆုံးဆန်းစစ်ချက် အစီရင်ခံစာအရ “သံလွင် [Salween] သည် (အထူးသဖြင့်)...ပဋိပက္ခဖြစ်နိုင်ခြေ အမြင့်မားဆုံးသော အဆင့်များတွင် ရှိနေသည်ကို တွေ့ရှိရသည်” ဟု ဖော်ပြထားသည်။ ၎င်း၏ဖော်ပြချက်ထဲတွင် ပါဝင်သည်မှာ အဆိုပြုထားသော စီမံကိန်းများကို လက်နက်ကိုင်ပဋိပက္ခတို့ဖြင့် ဆက်စပ်မှုရှိသည့် အဆိုပါနယ်မြေများတွင် ဆောက်လုပ်ပါက “ဆောက်လုပ်သောသူများကိုလည်း လက်ခံနိုင်ဖွယ်ရာမရှိသော ဆိုးကျိုးများ တွေ့ကြုံရစေနိုင်ပြီး ထိခိုက်ခံရသော အသိုင်းအဝိုင်းများနှင့် မြန်မာတပ်မတော် သို့မဟုတ် EAO [တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း] များ အကြား  လက်ရှိ ရှိနှင့်ပြီးဖြစ်သော သွေးကွဲမှုအား ပိုမိုခိုင်မာသွားစေနိုင်သည်”[9] အစီရင်ခံစာက နောက်ထပ်တင်ပြထားသည်မှာ “သံလွင်မြစ်ဝှမ်းဒေသသည် သမိုင်းကြောင်းအရလည်း အုပ်ချုပ်မှုအပေါ် ဖီဆန်ပုန်ကန်မှုများရှိခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခတို့ ရှိရာနေရာဖြစ်သည်။ BAU [လုပ်ရိုးလုပ်စဉ်အတိုင်း] လုပ်သော တည်ဆောက်မှုပုံစံမျိုးသည် နစ်နာမှုများနှင့် ပဋိပက္ခများ ဖြစ်ပွားစေရန်အတွက် အလားအလာများစွာရှိပြီး အထူးသဖြင့် သဘာဝသယံဇာတများကို အမြောက်အများ ထိခိုက်စေနိုင်သော ပင်မရေစီးအပေါ်တွင် ဆောက်လုပ်မည့်  HPP များ  [ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းများ] တွင် ပို၍ဖြစ်ပေါ်စေနိုင်သည်။”[10]

ခြုံငုံ၍ ပြောရလျှင် ဆန်းစစ်မှုများအရ အကြံပြုထားသည်မှာ သံလွင်မြစ်၏ ပင်မရေစီးကို သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးရှုထောင်အရ ထိန်းသိမ်း၍ လွတ်လပ်စွာစီးဆင်းသော မြစ်တစ်ခုအနေနှင့် နေရာအတော်များများတွင် ထိန်းသိမ်းထားရန်ဖြစ်သည်။[11] မြန်မာနိုင်ငံအစိုးရအနေနှင့် နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း၏ ဆန်းစစ်ချက်အရပြုသော အကြံပေးချက်များကို လက်ခံမည်ဆိုပါလျှင် ကွန်းလုံ၊ နောင်ဖာ၊ မန်တုန်(တာဆန်း)၊ ရွာသစ်နှင့် ဟတ်ကြီးဆည်တို့ကို ပိတ်သိမ်းရမည်ဖြစ်သည်။


“

သံလွင်မြစ်ဝှမ်းဒေသသည် သမိုင်းကြောင်းအရလည်း အုပ်ချုပ်မှုအပေါ် ဖီဆန်ပုန်ကန်မှုများရှိခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် လက်နက်ကိုင်ပဋိပက္ခတို့ ရှိရာနေရာဖြစ်သည်။ BAU [လုပ်ရိုးလုပ်စဉ်အတိုင်း] လုပ်သော တည်ဆောက်မှုပုံစံမျိုးသည် နစ်နာမှုများနှင့် ပဋိပက္ခများ ဖြစ်ပွားစေရန်အတွက် အလားအလာများစွာရှိပြီး အထူးသဖြင့် သဘာဝသယံဇာတများကို အမြောက်အများ ထိခိုက်စေနိုင်သော ပင်မရေစီးအပေါ်တွင် ဆောက်လုပ်မည့် HPP များ [ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းများ] တွင် ပို၍ဖြစ်ပေါ်စေနိုင်သည်။


[8] International Finance Corporation, Strategic Environmental Assessment of the Myanmar Hydropower Sector, Final Report, IFC, 2018, pp. 73–74. <https://www.ifc.org/wps/wcm/connect/f21c2b10-57b5-4412-8de9-61eb9d2265a0/SEA_Final_Report_English_web.pdf?MOD=AJPERES&CVID=mslr9yx>.

[9] Ibid, pp. 73–74.

[10] Ibid, p. 39.

[11] Ibid, p. 50.


N
March 2020
planned dams
suspended dams
INDIA
Kachin
Kunming
CHINA
Nu Jiang
Sagaing
Guangpo
Kun Long
Mekong
Naung Pha
MYANMAR
BURMA
Mandalay
Nam Pang (Thousand Islands)
Salween
1
Shan
Chin
Mandalay
Nam Teng
Mong Ton (Mai Tong/Tasang)
LAOS
Nam Pawn
Naypitaw
Ywathit
Magwe
Pai
3
Kayah
Rakhaing
Mae Hong Son
Yuam
Ping
Chiang Mai
Nan
BAY OF BENGAL
Weigyi
Dagwin
Bago
Wang
Ngao
Hatgyi
Moei
Yom
Bhumibol
dam
reservoir
Yangon
Kayin
2
Ayeyarwady
4
Mon
THAILAND
Chao Praya
SALWEEN
BASIN
Tanintharyi

1

**ရှမ်းပြည်နယ် (Shan state)** – ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အတော်များများသည် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်နှင့် ၂၀၁၅ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် စာချုပ်တို့ကို လက်မှတ်ရေးထိုးပြီးဖြစ်သည်။ သို့သော်လည်း ထိုပြည်နယ်၏ အခြားသောနေရာများတွင် လက်နက်ကိုင်တပ်များ တည်ရှိနေမှုကြောင့် အကြမ်းဖက်တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းများသည် နမ္မတူမြစ်ဝှမ်းဒေသ(အနောက်ဘက်မှ ဝင်ရောက်စီးဆင်းသော သံလွင်မြစ်၏ အဓိကမြစ်လက်တက်လေးခုအနက်မှ တစ်ခု) ကို “အကြိတ်အနယ် ပြိုင်ဆိုင်လျက်ရှိသော စစ်တလင်း” ဟုခေါ်ဆိုကြသည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသော်လည်း မြန်မာ့တပ်မတော်များသည် “ပြစ်ဒဏ်ခံစားရခြင်း မရှိဘဲ ဒေသခံအရပ်သားများအပေါ် ဥပဒေချိုးဖောက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်”[12]

၂၀၁၈ နောက်ပိုင်းတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများဘက်မှ သတင်းပို့လာသည်မှာ မန်းတုံ(တာဆန်း)ဆည် ပတ်ပတ်လည်ရှိ နယ်မြေများကို စစ်တပ်သိမ်းပိုက်မှုများ ပို၍ တိုးချဲ့လာပြီး အစိုးရတပ်များဘက်မှ “ရင်းနှီးမြှုပ်နှံမှုများအတွက် ခံစစ်” တည်ဆောက်မှုများ ဖန်တီးလာသည့်အပြင် စစ်ရေးစခန်းများနှင့် သံလွင်မြစ်သို့ ချိတ်ဆက်ထားသော ဗျူဟာမြောက်ခင်းထားသည့် လမ်းများကိုပါ ဖောက်ထားကြသည်။[13] နောင်ဖာဆည်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်ထိုးမထားသော ရှမ်းနှင့်ကချင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများအပြားတည်ရှိသော နယ်မြေများအနီးတွင် ရှိနေခြင်းဖြစ်သည်။ အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းများမှလည်း အစီရင်ခံသည်မှာ မြန်မာတပ်များနှင့် ၎င်းတို့၏ အရပ်စစ်များသည် နယ်မြေများနှင့် ဒေသထွက်သယံဇာတများကို ထိန်းချုပ်ရန်အတွက် အဆိုပါ အုပ်စုများအပေါ် ထိုးစစ်များဆင်ခဲ့သည်ဟုဆိုသည်။[14] ကွန်လုံဆည်တစ်ဝိုက်တွင် ပြင်းထန်သော ပဋိပက္ခများဖြစ်လာခဲ့သည်မှာ ၂၀၁၅ကတည်းကဖြစ်၍ မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် အနေနှင့် ထိုနေရာမှ ၂၀၀၉ခုနှစ်တွင် မြန်မာ့တပ်မတော်၏ တိုက်ထုတ်ခြင်းကို ခံခဲ့ရပြီးနောက် ပြန်လည်သိမ်းပိုက်ရန်ကြိုးစားရာမှ ဖြစ်ပေါ်ခြင်းဖြစ်သည်။[15]

ရှမ်းပြည်နယ်တွင် အရပ်သားများ၏ အိုးအိမ်စွန့်ခွာရနိုင်ခြေတို့မှာလည်း အရိပ်အယောင်သမ်းလျက်ရှိပြီး မန်တုံ(တာဆန်း)ဆည်အတွက် ကနဦးစီမံချက်များ ဆောင်ရွက်ရာတွင် လမ်းဖောက်ရန်အတွက် ၁၉၉၆ မှ ၁၉၉၈ ခုနှစ်အတွင်း လူ ၅၀,၀၀၀ နီးပါးခန့်ကို အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခဲ့သော လုပ်ရပ်၏ တစ်စိတ်တစ်ပိုင်းလည်း ပါဝင်သည်။[16] အဆိုပါ နယ်မြေအများအပြားတို့သည် ပဋိပက္ခတို့နှင့် ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုတို့ကို အစဉ်အဆက်ခံစားလာရသည်။ ဥပမာအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ အနေနှင့် ၁၉၉၆ မှ ၂၀၀၁ ခုနှစ်အတွင်း မန်တုံဆည်စီမံကိန်းနေရာ၏ ကီလိုမီတာ ၅၀အတွင်း မြန်မာတပ်တို့၏ မုဒိန်းမှုပေါင်း ၃၀၀ ကို အစီရင်ခံတိုင်ကြားခဲ့သည်။[17] ခြုံငုံပြောရလျှင် IFC ၏ SEA မှ ဖော်ပြထားသည်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိသော အခြေအနေမှာ ပဋိပက္ခဖြစ်ပေါ်ခဲ့လျှင် အိုးအိမ်စွန့်ခွာပြေးရမည့်သူများအတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်များကြောင့်သာ ခပ်ယဲ့ယဲ့အနေအထားဖြင့် တောင့်ခံနေနိုင်ခြင်းဖြစ်သည်။

2

**ကရင်ပြည်နယ် (Kayin state)** – ကရင်ပြည်နယ်တွင် ဟတ်ကြီးဆည်နေရာသို့သွားသော လမ်းများ၏ တစ်လျှောက်တွင် မြန်မာတပ်များ၏ တပ်စွဲမှုနှင့် ခံတပ်တည်ဆောက်မှုတို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများကို ပိုမိုတွန်းအားပေးသကဲ့သို့ ဖြစ်နေပြီး ကရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော် နှင့် တပ်မတော် နှင့် လက်တွဲထားသော နယ်ခြားစောင့်တပ်များအကြား နိုင်ငံရေးနှင့် စစ်ရေးအရ တင်းမာမှုများကို ပိုမိုမြင့်တက်စေသည်။ ဥပမာအားဖြင့် မြန်မာတပ်အနေနှင့် ဆည်ရှိရာနယ်မြေသို့ ၎င်း၏ တပ်များကို လွှတ်လိုက်သောအခါ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်ဘက်မှလည်း ၎င်း၏တပ်များကို ပြန်လည်စေလွှတ်ခြင်းဖြင့် တုန့်ပြန်ခြင်းမျိုးဖြစ်သည်။[18] ကရင်အုပ်စုများနှင့် ကရင်အမျိုးသားအစည်းအရုံး (Karen National Union) တို့ကလည်း ဆည်စီမံကိန်းများအနီးတွင် တပ်စွဲခြင်းသည် နှစ်ဦးနှစ်ဖက်နှင့် အဖွဲ့ပေါင်းစုံကြားချုပ်ဆိုထားသော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်များနှင့်လည်း ကိုက်ညီမှုမရှိသကဲ့သို့ ကရင်လူမျိုးများ၏ ဘဝတို့အပေါ် ထိခိုက်နစ်နာစေကာ တိုင်းပြည်ကို ပြည်တွင်းစစ်အတွင်းသို့ ပြန်လည်ဆွဲသွင်းခြင်းမျိုး ဖြစ်နိုင်ကြောင်း ဆက်လက်သတိပေးခဲ့သည်။[19]

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်းဖြစ်သူ မစ္စယန်ဟီးလီးကမူ လူ့အခွင့်အရေးနှင့် သက်ဆိုင်ရာအသိုင်းအဝိုင်းတို့၏ အခွင့်အရေးတို့အပေါ် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းအများအပြား၏ သက်ရောက်နိုင်သော အကျိုးတို့ကို အထူးထောက်ပြပြောဆိုခဲ့ပြီး ဟတ်ကြီးဆည်တည်ဆောက်မှုနှင့် လက်နက်ကိုင်တိုက်ပွဲများအကြားဆက်စပ်မှုကို ထောက်ရှုပြကာ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မည်ကဲ့သို့ သဘောမျိုးသက်ရောက်နိုင်သည်ကို တင်ပြပြောဆိုခဲ့သည်။[20] IFC ၏ SEA မှ လည်း တင်ပြသည်မှာ “၂၀၁၄, ၂၀၁၅ နှင့် ၂၀၁၆ တို့တွင် အဆိုပြုထားသော ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း အနီးတွင် စစ်ရေးအရရင်ဆိုင်မှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည်” ဟူ၍ ဖြစ်ပြီး ပုံမှန်အားဖြင့် မြန်မာ့တပ်မတော်၏ ထိုးစစ်များနှင့် ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော်(၂၀၁၅တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့) တို့အကြား ဖြစ်လေ့ရှိသည်။[21] ထိုပဋိပက္ခများ ဖြစ်ပွားခြင်းသည် အရပ်သားများအား ဆည်တည်ရှိရာနယ်မြေမှ ထွက်ပြေးတိမ်းရှောင်ရန် ဖိအားဖြစ်ပေါ်စေပြီး ထိုအချက်ကိုလည်း ဆန်းစစ်ချက်ထဲတွင် ထည့်သွင်းဖော်ပြထားသည်၊ အဆိုပါ ပဋိပက္ခများသည် အရပ်သားများကို “ထို ထိုးစစ်များသည်  လမ်းအသုံးပြုနိုင်ရန်နှင့် ရေအားလျှပ်စစ်ဆည် နောက်ဆုံးတွင် တည်ဆောက်ခွင့်ရနိုင်ရန်အတွက် EAO များ [တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ] နှင့် ဒေသခံများကို ရှင်းလင်းရန်အတွက် ဖန်တီးထားခြင်းဖြစ်သည်” ဟူသော အမြင်ကို ပိုမိုအားကောင်းလာစေသည်။[22]

3

**ကယားပြည်နယ် (Kayah state)** – ၂၀၁၈ နှောင်းပိုင်းတွင် မြန်မာ့တပ်များနှင့် ကရင်နီတပ်တို့အကြား တိုက်ပွဲဖြစ်ပွားချိန်တွက် ကယားပြည်နယ်၏ ထိရှလွယ်လှသော ငြိမ်းချမ်းရေး အခြေအနေကို မြင်သာလာစေသည်။ ထိုပဋိပက္ခသည် နှစ်ဦးနှစ်ဖက်ချုပ်ဆိုထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ရာကျသည့်အပြင် ခြောက်နှစ်အတွင်း ပထမဆုံးဖြစ်ပေါ်သည့် တိုက်ပွဲလည်းဖြစ်သည်[23] IFC ၏ ရှာသစ်ဆည်အတွက် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုကို SEA ၏ လုပ်ငန်းစဉ်တစ်စိတ်တစ်ပိုင်းအနေနှင့် ဆောင်ရွက်ရာတွင် ထိုဆည်အနေနှင့် “တိုင်းရင်းသားလူမျိုးစုတစ်စုလုံးအား အိုးအိမ်မဲ့စေနိုင်မည့်” “အရေးပါသော သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အရာဝတ္ထုများကို တိမ်မြုပ်သွားစေနိုင်မည့်” အခြေအနေမျိုးဖြစ်သွားနိုင်သော စိုးရိမ်ဖွယ်ကိစ္စများကို ရှာဖွေတွေ့ရှိခဲ့သည်။[24] အချို့သော လေ့လာချက်များက ဆိုသည်မှာ ကရင်နီလူမျိုးများအနေနှင့် ၁၉၆၀ပြည့်လွန်နှစ်များတွင် ဂျပန်အကူအညီဖြင့် ဆောက်ခဲ့သော လောပိတရေအားလျှပ်စစ်စက်ရုံ၏ ဆိုးမွေတို့ကြောင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် ဆည်လုပ်ငန်းကို ခါးခါးသီးသီးတုန့်ပြန်ရခြင်းဖြစ်သည်ဟုဆိုသည်။[25]

4

**မွန်ပြည်နယ် (Mon state)** – မွန်ပြည်နယ်တွင် နိုင်ငံရေးဆိုင်ရာ အကြပ်အတည်းများနှင့် ညှိနှိုင်းမှုများ နှစ်ပေါင်းများစွာ ဖြစ်ပေါ်ပြီးနောက် ၂၀၁၂ ဇန်နဝါရီလတွင် မွန်ပြည်သစ်ပါတီသည် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၈ ဖေဖော်ဝါရီလတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်တွင် အစိုးရသစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ချုပ်ဆိုခဲ့ပါသည်။ မွန်ပြည်နယ်၌ အခြားပြည်နယ်များအတွက် အဓိက ပြဿနာဖြစ်သော လက်ရှိတွင် အလွန်အရေးပါသော ပြဿနာတစ်ခုဖြစ်နေသည့် မငြိမ်သက်သေးသော ပဋိပက္ခများ မရှိနေသေးသော်လည်း ဆုံးဖြတ်ခွင့် အာဏာနှင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုမှ ရရှိလာသော အကျိုးအမြတ်များကို ခွဲဝေရေးအား ဗဟိုအစိုးရမှ ထိန်းချုပ်ထားပြီး ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ဗဟိုအစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကြောင့် ဒေသခံပြည်သူလူထု မည်သို့သက်ရောက်မှုများကို ခံစားရမည်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခြင်းတို့ရှိနေသည် ။[26] ဤတွင် နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုကို ဗဟိုချုပ်ကိုင်ထားခြင်းနှင့် လူနည်းစုဒေသများအပေါ် လွှမ်းမိုးမှုရှိခြင်းတို့လည်း ပါဝင်ပါသည်။

ထို့အပြင် မွန်ပြည်နယ်သည် သံလွင်မြစ်ဝ (မြစ်ဆုံ) ကျွန်းပေါ်ဒေသတွင်တည်ရှိနေပြီး အဓိကပြဿနာ တစ်ခုမှာ စီမံကိန်းအတွက် တိုင်ပင်ဆွေးနွေးရာတွင် သို့မဟုတ် ပြည်သူလူထုပါဝင်မှု မရှိခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြည်သူတို့ ပါဝင်ခြင်းမရှိခြင်းကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဂေဟစနစ်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာများ ထိုအဆိုပြုထားသော သံလွင်ဆည်များကြောင့် ထိခိုက်မှု အများအပြားရှိနိုင်ခြင်းတို့ပင် ဖြစ်သည်။ မွန်ပြည်နယ်ရှိ ပြည်သူလူထုများတို့သည် စိုးရိမ်ဖွယ်ရာရှိသော လူမှုစီးပွားရေးနှင့်စားဝတ်နေရေးဆိုင်ရာ အရင်းအမြစ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များတွင် ဆည်များ၏ နောက်ဆက်တွဲ သက်ရောက်မှုများကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရနိုင်ခြေ များစွာရှိနေသည်။



မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွန်မိသားစုတစ်စု သံလွင်မြစ်အတွင်း ငါးဖမ်းနေပုံ
Photo: Mi Ah Chai

*Footnotes from previous page*

---

[12] Shan Human Rights Foundation, *From scorched earth to parched earth*, 2018, p. 7. <http://www.shanhumanrights.org/eng/index.php/shrf-archives/shrf-english-newsletter/362-from-scorched-earth-to-parched-earth>.

[13] Shan Human Rights Foundation, *Burma Army drones and new strategic road instil fear among IDPs on Shan-Thai border* [News update], October 4, 2018. <http://www.shanhumanrights.org/eng/index.php/358-burma-army-drones-and-new-strategic-road-instil-fear-among-idps-on-shan-thai-border>.

[14] Shan Human Rights Foundation, *Northern, southern and eastern Shan State Farmers oppose the planned Naung Pha and other hydropower projects on Salween River* [News update], 24 December 2017. <http://www.shanhumanrights.org/eng/index.php/340-northern-southern-and-eastern-shan-state-farmers-oppose-the-planned-naung-pha-and-other-hydropower-projects-on-salween-river>.

[15] International Finance Corporation, *Baseline Assessment Report: Peace and Conflict, Strategic Environmental Assessment of the Hydropower Sector in Myanmar*, International Finance Corporation, 2017, p. 27. <http://www.ifc.org/wps/wcm/connect/50ddd06b-ee5c-4457-a717-a1cd0f9c73df/Chapter+8_SEA_Baseline+Assessment_Peace+and+Conflict+SEA+Baseline+Assessment.pdf?MOD=AJPERES&CVID=maaQGJY> .

[16] Shan Human Rights Foundation, *Burma Army drones and new strategic road instil fear among IDPs on Shan-Thai border* [News update], 4 October 2018. <https://www.shanhumanrights.org/eng/index.php/358-burma-army-drones-and-new-strategic-road-instil-fear-among-idps-on-shan-thai-border>.

[17] Shan Sapawa Environmental Organization, *Warning Signs: An update on plans to dam the Salween in Burma's Shan State*, Shan Sapawa Environmental Organization, 2006. <http://burmariversnetwork.org/images/stories/publications/english/warningsign.pdf> .

[18] Karen Environmental and Social Action Network (KESAN), *Dam investment projects put peace at risk* [News update], 14 March 2012. <http://kesan.asia/dam-investment-projects-put-peace-at-risk/>.

[19] Karen Rivers Watch, *Karen State September 2016 Conflict – The Real Motivations behind Renewed War*, Karen Rivers Watch, 2016. <http://kesan.asia/wp-content/uploads/2018/11/karen_state_september_2016_conflict_-_the_real_motivations_behind_renewed_war.pdf>.

[20] Y Lee, *Report of the Special Rapporteur on the situation of human rights in Myanmar (A/HRC/40/68) Advanced Unedited Version*, 5 March 2019. <https://reliefweb.int/report/myanmar/report-special-rapporteur-situation-human-rights-myanmar-ahrc4068-advance-unedited>.

[21] International Finance Corporation, *Baseline Assessment Report: Peace and Conflict, Strategic Environmental Assessment of the Hydropower Sector in Myanmar*, IFC, 2017, p. 27.

[22] Ibid, p. 29.

[23] R Gerin, 'Karenni Army Clashes With Myanmar Forces in Kayah State, Breaking Bilateral Cease-fire', *Radio Free Asia*, 22 October 2018. <http://www.rfa.org/english/news/myanmar/karenni-army-clashed-with-myanmar-forces-in-kayah-state-10222018161042.html>.

[24] International Finance Corporation, *Baseline Assessment Report: Peace and Conflict, Strategic Environmental Assessment of the Hydropower Sector in Myanmar*, International Finance Corporation, 2017, p. 27.

[25] T Kramer, O Russell & M Smith, *From War to Peace in Kayah (Karenni) State: A Land at the Crossroads in Myanmar*, Transnational Institute (TNI), 2018, <https://www.tni.org/files/publication-downloads/tni-2018_karenni_eng_web_def.pdf>.

[26] Populations in Mon state have faced significant land and natural resource conflicts and human rights abuses from infrastructure and energy projects, such as the Yadana and Yetagun natural gas pipelines and the Italian-Thai Development (ITD) oil and gas pipeline and railway.



**သံလွင်မြစ်၏ ပင်မမြစ်လက်တက်တစ်ခုဖြစ်သည့် သောင်ရင်းမြစ်**
Photo: Sophia Harris

## လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ

ကာကွယ်ထားသော လူ့အခွင့်အရေး အမျိုးအစားပေါင်းစုံအပေါ် သံလွင်ဆည် စီမံကိန်းများ၏ အဆင့်အများစု ကဖြစ်စေ၊ အဆင့်များအားလုံးကဖြစ်စေ၊ ဆိုးကျိုးများသက်ရောက်နိုင်သည်။ ယင်း လူ့အခွင့်အရေးအချို့ကို အောက်ပါ ဇယား ၁ တွင် သိသာစေရန် ဖော်ပြထားသည်။
သံလွင် ဆည် စီမံကိန်းများ၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို စစ်ဆေးရာတွင် အောက်ပါတို့ကို ထည့်သွင်း စဉ်းစားရမည်။

- အမှန်တကယ်ဖြစ်ပေါ်နေသော သက်ရောက်မှုများနှင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများ
- အောက်ပါအချက်များနှင့် ပတ်သက်ပြီး အထောက်အထား စာရွက်စာတမ်းများ
  - တိုင်းရင်းသားဒေသများတွင် ယခင်ကရှိခဲ့သော ရေအားလျှပ်စစ်လုပ်ငန်းများကြောင့် ဖြစ်ပေါ်ခဲ့သော သက်ရောက်မှုများ
  - ပြီးစီးသွားသော သို့မဟုတ် လုပ်ကိုင်ဆဲ လုပ်ငန်းများ
  - တိုင်းရင်းသားဒေသများရှိ အလားတူ သဘာဝအရင်း အမြစ်တူးဖော်ထုတ်လုပ်ရေး စီမံကိန်းများ
- မြန်မာတစ်နိုင်ငံလုံး လူ့အခွင့်အရေးများကို လေးစားရန်နှင့် ဒေသအလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အန္တရာယ်များနှင့် သက်ဆိုင်သော တွေ့ရှိချက်များအရ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ နိုင်ငံ၏ အနေအထားနှင့်အညီ ချမှတ်ထားသော ဆုံးဖြတ်ချက်များ။[27]

> မိရိုးဖလာပိုင်ဆိုင်မှုအရ သော်လည်းကောင်း၊ အခြား မိရိုးဖလာနေထိုင်မှု သို့မဟုတ် အသုံးပြုမှုအရသော်လည်းကောင်း မိမိတို့ပိုင်ဆိုင်သော မြေယာများ၊ ပိုင်နက်များနှင့် သယံဇာတပစ္စည်းများကို ပိုင်ဆိုင်၊ အသုံးချ၊ ချဲ့ထွင်၊ ထိန်းချုပ်နိုင်ခွင့်

[27] See United Nations Human Rights Council, Resolution 40/L.19 on the situation of human rights in Myanmar, A/HRC/40/L.19, 19 March 2019. <http://undocs.org/A/HRC/40/L.19>; United Nations Human Rights Council, *Resolution 39/2 Situation of human rights of Rohingya Muslims and other minorities in Myanmar*, A/HRC/RES/39/2, 27 September 2018. <http://documents-dds-ny.un.org/doc/UNDOC/GEN/G18/293/69/PDF/G1829369.pdf?OpenElement>.

## ဇယား ၁: သံလွင်ဆည်များ၏ လူ့အခွင့်အရေးများအပေါ် သက်ရောက်မှုများ

| ကာကွယ်ထားသော<br>အခွင့်အရေးနှင့် စာချုပ် | ရှင်းလင်းချက် | သံလွင်ဆည်များနှင့် သက်ဆိုင်မှု |
|---|---|---|
| **အသက်ရှင်နေထိုင်ခွင့်**<br>နိုင်ငံသားနှင့် နိုင်ငံရေး<br>အခွင့်အရေးဆိုင်ရာ<br>အပြည်ပြည်ဆိုင်ရာ<br>သဘောတူညီချက် အပိုဒ် ၆<br>(ICCPR)၊<br>အပြည်ပြည်ဆိုင်ရာ<br>လူ့အခွင့်အရေး<br>ကြေညာစာတမ်း အပိုဒ် ၃<br>(UDHR) | ဘဝတွင် အသက်ရှင်သန်ခွင့်<br>ကင်းမဲ့မှု မဖြစ်ခွင့်၊<br>မိမိ အသက်ကို<br>ကာကွယ်ထားနိုင်ခွင့်၊<br>မိမိအသက်အား<br>ခြိမ်းခြောက်မှုများမှ ကျိုးကြော<br>င်းဆီလျော်စွာကာကွယ်နိုင်ခွင့်။ | သမိုင်းတစ်လျှောက်တွင် အသက်ရှင်နေထိုင်ခွင့်<br>ချိုးဖောက်မှုများသည် တိုင်းရင်းသားဒေသများ<br>ကိုထိန်းချုပ်နိုင်ရန် စစ်တပ်၏ အစီအစဉ်များနှင့် အတင်းအဓမ္မ<br>နေရာ ပြောင်းရွှေ့မှုများကြောင့် ဖြစ်ပေါ်လာသော<br>ပဋိပက္ခများကြောင့် ဖြစ်ခဲ့ကြရသည်။ ဥပမာ- ၁၉၉၀<br>နှောင်းပိုင်းများတွင်  မောင်းတုန်(တာဆန်း) ဆည်အတွက်<br>နေရာရွှေ့ခြင်းများကြောင့် ဖြစ်ပေါ်ခဲ့သော အစုလိုက်<br>လူသတ်မှုများ သို့မဟုတ် ဥပဒေပြင်ပ သတ်ဖြတ်မှုများကြောင့်<br>ခွန်းဟင်း မြို့နယ်တစ်ခုတည်းတွင်ပင် ပြည်သူ ၃၁၉ ဦး<br>အသတ်ခံခဲ့ရသည်[28] |
| **ကိုယ်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်**<br>အပိုဒ် ၁ ICCPR<br>စီးပွားရေး၊ လူမှုရေးနှင့်<br>ယဉ်ကျေးမှုဆိုင်ရာ<br>အခွင့်အရေးများ<br>အပြည်ပြည်ဆိုင်ရာ<br>သဘောတူစာချုပ် အပိုဒ် ၁<br>(ICESCR)၊<br>ဌာနေတိုင်းရင်းသားများ၏<br>အခွင့်အရေးဆိုင်ရာ<br>ကုလသမဂ္ဂ ကြေညာချက်<br>အပိုဒ် ၃<br>(UNDRIP) | ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွ<br>င့်သည် လူအများနှင့်ဆိုင်သော<br>အခွင့်အရေးတစ်ရပ်ဖြစ်ပြီး<br>လူအစုနှင့်ဖြစ်စေ၊<br>တစ်ဦးစီဖြစ်စေ အကျုံးဝင်၍<br>ယင်းတို့ ကိုယ်ပိုင် စီးပွားရေး၊<br>လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ<br>ဖွံ့ဖြိုးတိုးတက်မှုအတွက်<br>ကြိုးစားနိုင်ရန် နှင့်<br>ယင်းတို့ပိုင်ဆိုင်သည့်<br>သဘာဝ ပိုင်ဆိုင်မှုများနှင့်<br>သယံဇာတများကို စိတ်တိုင်းကျ<br>အသုံးချနိုင်ခြင်းဖြစ်သည်။<br>ဤ အချက်သည်<br>ဌာနေတိုင်းရင်းသားများ<br>၎င်းတို့မိရိုးဖလာ<br>ယဉ်ကျေးမှုအရ<br>ပိုင်ဆိုင်သည့် မြေယာများ၊<br>ပတ်ဝန်းကျင်များနှင့် ကျ<br>န်းမာရေးစောင့်ရှောက်မှု<br>တို့ကို ရပိုင်ခွင့်ရှိကြောင်း<br>ကြေညာထားသည့် UNDRIP<br>၏ အတည်ပြုချက်အတွက်<br>အရေးအလွန်ပါသည်။ | ဤ အခွင့်အရေးသည် သံလွင် ဆည်များ၏<br>သက်ရောက်မှုကို ခံရသော တိုင်းရင်းသားများနှင့်<br>ဌာနေတိုင်းရင်းသား ပြည်သူများ အတွက် အကျုံးဝင်သည်။<br>ဤ အခွင့်အရေးကို လက်တွေ့ကျင့်သုံးခြင်းဖြင့်<br>ဌာနေတိုင်းရင်းသားများသည်  မိမိတို့ ပိုင်ဆိုင်သည့်<br>ဒေသများနှင့် အရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် ပါဝင်ခွင့်<br>ရရှိမည်ဖြစ်သည်။ ၎င်းတို့၏ ဌာနတိုင်းရင်းသားတို့ကို<br>ကိုယ်စားပြုသော နိုင်ငံရေးအုပ်စုများမှလည်း ဆည်များကို<br>ကန့်ကွက်ကြောင်းနှင့် သဘာဝသယံဇာတတို့နှင့်ဆိုင်သော<br>အရေးကိစ္စတို့တွင် နိုင်ငံရေးအရဆွေးနွေးညှိနှိုင်းမှု<br>မရှိခြင်း အပေါ် ၂၀ရာစု ပင်လုံညီလာခံအပါအဝင်<br>၎င်းတို့၏ အသံများကို ပါဝင်ခွင့်ပေးသော နေရာများတွင်<br>ထုတ်ဖော်ပြောဆိုခဲ့ကြသည်။[29] |

28 Burma Environmental Working Group, *Resource federalism: Roadmap for decentralised governance of Burma's natural heritage* , Burma Environmental Working Group, 2017, p. 46 .

29 Ibid, p. 7.

| ကာကွယ်ထားသော အခွင့်အရေးနှင့် စာချုပ် | ရှင်းလင်းချက် | သံလွင်ဆည်များနှင့် သက်ဆိုင်မှု |
|---|---|---|
| **မိရိုးဖလာပိုင်ဆိုင်မှုအရသော်လည်းကောင်း၊ အခြား မိရိုးဖလာနေထိုင်မှု သို့မဟုတ် အသုံးပြုမှုအရသော်လည်းကောင်း မိမိတို့ပိုင်ဆိုင်သော မြေယာများ၊ ပိုင်နက်များ ကို မိမိတို့ကိုယ်တိုင် အသုံးချ၊ ချဲ့ထွင်၊ ထိန်းချုပ်နိုင်ခွင့်** အပိုဒ် ၂၆(၂) UNDRIP | ဤ အခွင့်အရေးသည် UNDRIP ၏မြေနှင့်အရင်းအမြစ် အခွင့်အရေးများအပေါ် ကျယ်ပြန့်စွာ အသိအမှတ်ပြုခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားများအတွက် မိရိုးဖလာအရအရပိုင်ဆိုင်မှုနှင့် မြေနှင့် သဘာဝသယံဇာတတို့၏ အခြေခံအရေးပါမှုတို့ကို အသိအမှတ်ပြုသည်။ | ဗဟိုအစိုးရ ဥပဒေများနှင့် မတူညီသည်မှာ ဧရိယာကြီးမားသော မြေယာတို့မှာ အမှန်တကယ်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အလှည့်ကျမြေယာပိုင်ဆိုင်ခွင့် စနစ်များကို အသုံးပြုသည့် သက်ဆိုင်ရာ အစိုးရများမှ ထိန်းချုပ်ထားခြင်းဖြစ်သည်။[30] ဗဟိုအစိုးရ ဥပဒေများနှင့် မတူညီသည်မှာ ဧရိယာကြီးမားသော မြေယာတို့မှာ အမှန်တကယ်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အလှည့်ကျမြေယာပိုင်ဆိုင်ခွင့် စနစ်များကို အသုံးပြုသည့် သက်ဆိုင်ရာ အစိုးရများမှ ထိန်းချုပ်ထားခြင်းဖြစ်သည်။ အချို့သော ရိုးရာအရ မြေယာပိုင်ဆိုင်မှုများမှာ သံလွင်ဆည်များကြောင့် ဖျက်သိမ်းခံရပြီးဖြစ်သည်။ မောင်းတုန် (တာဆန်း) ဆည်သည် ရှမ်းပြည်နယ်၏ မြို့နယ် ရှစ်ခုကို ရေမြုပ်သွားစေမည်ဟု ခန့်မှန်းထားပြီး လူဦးရေ သောင်းကျော်ကို တိုက်ရိုက်ထိခိုက်စေနိုင်သည် ဖြစ်သည်။ မြန်မာ့ တပ်မတော်သည် (ဆန်စပါးနှင့် ပဲပိစပ် စိုက်ပျိုးနေသော မြေဩဇာကောင်းသည့် ချိုင့်ဝှမ်းဒေသများရှိ) ဆည်ဒေသ၏ မြစ်အပေါ်ပိုင်းရှိ မြို့နယ်များရှိ သဘာဝအတိုင်း မြေဆီမြေနှစ်ကောင်းမွန်သော စိုက်ပျိုုးရေး ရွာများကို သိမ်းယူပြီး ဖြစ်သည်။ ဤရပ်ရွာလူထုများစွာတို့ကို စစ်တပ်ဌာနများ အနီးအနားရှိ ရွာ အသစ်များသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပြီး မြေယာပိုင်ဆိုင်မှုများ မရရှိသကဲ့သို့ အလုပ်အကိုင်များလည်း မရကြချေ။[31] |
| လွတ်လပ်စွာ ကြိုတင်အသိပေးမှုကို ရရှိပြီးမှ သဘောတူညီမှု ပေးပိုင်ခွင့် အပိုဒ် ၁၀ UNDRIP | ဤအခွင့်အရေးသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နှင့် ယှက်နွယ်နေသည်။ ဌာနေတိုင်းရင်းသားများကို ၎င်းတို့၏ မြေယာများနှင့် ပိုင်နက်မြေများမှ အလိုမတူဘဲ ဖယ်ရှားခြင်း မပြုရန်၊ ၎င်းတို့၏ "လွတ်လပ်စွာ ကြိုတင်အသိပေးမှုကို ရရှိပြီးမှ ပေးသော သဘောတူညီမှု" မပါဘဲ နေရာ ပြောင်းရွှေ့ခြင်းစေများ မပြုလုပ်ရန်နှင့် တရားသဖြင့် သင့်လျော်မျှတသော လျော်ကြေးဖြင့်သဘောတူညီပြီး ပါကလည်း ဖြစ်နိုင်လျှင် နောင်တွင် ဤနေရာကို ပြန်လည်ပိုင်ဆိုင်ခွင့် ပေးရန် ဖော်ပြထားပါသည်။ | ဆုံးဖြတ်ချက်ချသူများသည် ဆည်၏ ဆိုးကျိုးသက်ရောက်ခြင်းခံရသည့် တိုင်းရင်းသားများနှင့် ဌာနေတိုင်းရင်းသားများနှင့် လုံလောက်စွာ တွေ့ဆုံဆွေးနွေးထားခြင်းမရှိသည့်အပြင် ၎င်းတို့၏ လွတ်လပ်စွာ ကြိုတင်အသိပေးမှုကို ရရှိပြီးမှ ပေးသော သဘောတူညီမှု ကိုလည်း ရယူထားခြင်းမရှိကြောင်း အထောက်အထားများအရ တွေ့ရသည်။ မောင်းတုန် (တာဆန်း) ဆည် အားဆန့်ကျင်သည့် ၂၀၁၅ ခုနှစ်က စုပေါင်းတောင်းဆိုချက်တစ်ခုတွင် ပြည်သူပေါင်း ၂၃,၀၀၀ ကျော် လက်မှတ်ပါဝင်ရေးထိုးခဲ့ပြီး ၂၀၁၆တွင်မူ ရှမ်းတိုင်းရင်းသား အုပ်စု ၂၅စုကျော် တို့မှ "ဖက်ဒရယ် ဝါဒအတွက် နိုင်ငံရေးဆွေးနွေးမှုများမစတင်မီကပင် ဤကဲ့သို့ သံလွင် ဆည်များကို ဆက်လက်လုပ်ဆောင်ရန် တစ်ဖက်သတ် ဆုံးဖြတ်လိုက်ခြင်းသည် တိုင်းရင်းသားပြည်သူများကို ၎င်းတို့ဒေသတွင်းရှိ သဘာဝသယံဇာတများနှင့် ပတ်သက်၍ ဆုံးဖြတ်ခွင့်ကို ပိတ်ပင်လိုက်ခြင်းပင်ဖြစ်သည်" ဟုဆို၍ သံလွင် ဆည်များကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်"[32] |

30 Ibid, p. 36.

31 Ibid, p. 50.

32 Ibid, p. 6.

| ကာကွယ်ထားသော<br>အခွင့်အရေးနှင့် စာချုပ် | ရှင်းလင်းချက် | သံလွင်ဆည်များနှင့် သက်ဆိုင်မှု |
|---|---|---|
| **သတင်းအချက်အလက်<br>ရရှိရေး၊ အဓိပ္ပာယ်ရှိသော<br>ဆွေးနွေးမှုနှင့် ဆုံးဖြတ်ချ<br>က်ချရာတွင် ပါဝင်ခွင့်<br>ရရှိရန် အခွင့်အရေး**<br>အပိုဒ် ၁၉ UDHR၊<br>အပိုဒ် ၁၉ နှင့် ၂၅၊ ICCPR | ဤအခွင့်အရေးများသည်<br>လူသားအားလုံးသည်<br>အချက်အလက်များ ရှာဖွေ<br>ရယူနိုင်ခွင့်ရှိပြီး မိမိတို့အစိုးရ၏<br>ဆုံးဖြတ်ချက်ချရေးများတွင်<br>ပါဝင်ခွင့် ရှိသည်ဟူသော<br>အခြေခံမူမှ<br>ဆင်းသက်လာခြင်းဖြစ်သည်။<br><br>လုပ်ထုံးလုပ်နည်းဆိုင်ရာ<br>အခွင့်အရေးများ၏<br>အရေးပါပုံကို လူ့အခွင့်အရေးနှင့်<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ<br>ကုလသမဂ္ဂ အထူး<br>ကိုယ်စားလှယ်မှ<br>အလေးပေးထောက်ပြထားပြီး<br>သတင်းအချက်အလက်များ<br>ရယူနိုင်ခွင့်နှင့် ပါဝင်ခွင့်တို့သည်<br>"အခွင့်အရေးများဖြစ်သည့်အ<br>ပြင်  အသက်ရှင်နေထိုင်နိုင်ခွင့်၊<br>အကောင်းဆုံးသော<br>ကျန်းမာရေးဆိုင်ရာ<br>စံနှုန်းများရရှိနိုင်ရေး နှင့်<br>သင့်တင့်လျောက်ပတ်သော<br>အိမ်ရာ ရရှိရေး<br>ကဲ့သို့သော အခြားသော<br>အခွင့်အရေးများရရှိရန်<br>အသုံးပြုရမည့်<br>နည်းလမ်းတစ်ခုလည်း<br>ဖြစ်ကြောင်း ဆိုခဲ့ပါသည်။"[33] | သံလွင်ဆည်များအတွက် ဆုံးဖြတ်ချက်ချခြင်းများသည်<br>ပွင့်လင်းမြင်သာမှုရှိစွာ ချမှတ်ထားခြင်းမဟုတ်ဘဲ သတ<br>င်းအချက်အလက်များပေးသိထားခြင်းလည်း မရှိ၍<br>နစ်နာသွားသော ပြည်သူလူထုနှင့် အဓိပ္ပာယ်ရှိသော<br>တွေ့ဆုံဆွေးနွေးခွင့်များလည်း မရှိသည့်အပြင် ၎င်းတို့၏<br>အကြံဉာဏ်များကိုလည်း ထည့်သွင်းစဉ်းစားထားခြင်း<br>မရှိပါ။ မောင်းတုန် (တာဆန်း) ဆည်အတွက်<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု စစ်ဆေးခြင်း<br>လုပ်ငန်းစဉ် ကို ဩစတြေးလျ အတိုင်ပင်ခံ ကုမ္ပဏီတစ်ခု<br>ဖြစ်သော Snowy Mountains Electricity Corporation မှ<br>၂၀၁၄–၂၀၁၅ တွင် ပြုလုပ်ခဲ့ပြီး နစ်နာခဲ့ရသော ကျေးရွာများအား<br>ဆွေးနွေးတွေ့ဆုံပွဲများမှ ဖယ်ထားသည်ဟူသောအဆိုများနှင့်<br>အဆိုပါ ဆွေးနွေးတွေ့ဆုံပွဲများသည် စီမံကိန်းနှင့်ပတ်သက်သည့်<br>အကြံဉာဏ်များနှင့်  စိုးရိမ်ဖွယ်ရာအချက်များအား<br>ဆွေးနွေးရမည့်အစား စီမံကိန်းအား ရှေ့ဆက်ရန်<br>နည်းလမ်းတစ်မျိုးသာဖြစ်သည် ဟူသော အဆိုများ အပါအဝင်<br>ဒေသခံ ပြည်သူလူထုနှင့်  မြို့ပြလူ့အဖွဲ့အစည်းများ၏<br>အပြင်းအထန် ဝေဖန်မှုများခံခဲ့ရသည်။[34]<br><br>မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှု<br>စစ်ဆေးခြင်း ဥပဒေအရ ဖွင့်လှစ်ပြောကြားရန်<br>တာဝန်များရှိနေသော်လည်း သံလွင် ဆည်များ၏<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုစစ်ဆေးခြင်းမှ<br>မည်သည့်တွေ့ရှိချက်ကိုမျှ ပြည်သူလူထုအား ပေးသိခြင်း<br>မရှိခဲ့ပေ။ |

[33] J Knox, *Report of the Independent Expert on the issue of human rights obligations relating to the enjoyment of a safe, clean, healthy and sustainable environment*, United Nations Human Rights Council, 30 December 2013, UN Doc. A/HRC/25/53.

[34] M Inkey, 'Burmese villagers say they are being misled on Tasang dam project', *Asian Correspondent*, 12 June 2015.



**အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းထိန်းသိမ်းရေးနှင့် ရေကာတာဆန့်ကျင်ရေးနေ့၊ သံလွင်မြစ်**
Photo: Sophia Harris

| ကာကွယ်ထားသော အခွင့်အရေးနှင့် စာချုပ် | ရှင်းလင်းချက် | သံလွင်ဆည်များနှင့် သက်ဆိုင်မှု |
|---|---|---|
| **သင့်လျော်သော လူနေမှု အဆင့်အတန်းအခု ရရှိနိုင်ခွင့်**<br>အပိုဒ် ၂၅ UDHR၊<br>အပိုဒ် ၁၁ ICESCR | သင့်လျော်သော အစားအစာ (လုံလောက်သော အစားအစာရရှိနိုင်မှုကို ဆိုလိုသည်)၊ ရေ၊ နေအိမ်တို့နှင့်တကွ လူနေမှုအဆင့်အတန်းများကို အမြဲတိုးမြှင့်နိုင်ခွင့်။ | ဤ အခွင့်အရေး ဖောက်ဖျက်မှုကို သဘာဝ အရင်းအမြစ် စီမံခန့်ခွဲရေး စနစ်များရှိနှင့်ပြီး ငါးဖမ်းလုပ်ငန်း၊ ရေအအရင်းအမြစ်ထုတ်ဖော်ခြင်း၊ လယ်ယာမြေစိုက်ပျိုးခြင်း လုပ်ငန်းများကို အဓိကထား လုပ်ကိုင်သော ဆည်များကြောင့် ထိခိုက်ခဲ့ရသည့် အသိုက်အဝန်းများတွင် တွေ့နိုင်သည်။ ဤအဖွဲ့အစည်းများတွင် စားနပ်ရိက္ခာနှင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရပြီး အသိအမှတ်ပြုခြင်း၊ နစ်နာကြေးပေးခြင်း မရှိခဲ့ကာ သက်ရောက်မှုများ သိသိသာသာ ခံစားခဲ့ရသော ဆည်စီမံကိန်းများ၏ မြစ်ကြောင်း အောက်ပိုင်းရှိ ရပ်ရွာလူထုများပါဝင်သည်။ အချို့သော ပြည်သူများသည် အကြမ်းဖက်ခံရခြင်း သို့မဟုတ် မြေသိမ်းခြင်းတို့ကြောင့် ဆည်များအနီးအနားရှိ နေအိမ်များမှ စွန့်ခွာ ပေးခဲ့ကြရသည်။ မြန်မာနိုင်ငံ၏ မြေယာနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ မူဘောင်များတွင် သိမ်းယူထားသော မြေများအတွက် အစားထိုးပြန်လည်ပေးအပ်ရန် မပြဋ္ဌာန်းထားပါ။ ဆိုလိုသည်မှာ နေရပ်စွန့်ခွါခဲ့ရသော ပြည်သူများနှင့် ဒုက္ခသည်များသည် နေအိမ်အတည်တကျမရှိခြင်းပြဿနာ များနှင့် အရည်အသွေးမကောင်းသော စိုက်ပျိုးမြေများသို့ လုပ်ကိုင်စားသောက်ရန် ရွှေ့ပြောင်းခံရခြင်း ပြဿနာများ ကြုံတွေ့ရနိုင်သည်။[35] |

[35] Ibid, p.6.



အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းထိန်းသိမ်းရေးနှင့်
ရေကာတာဆန့်ကျင်ရေးနေ့တွင် ကရင်တိုင်းရင်းသား
ရွာသားများ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ
မဟာမိတ်များတို့က လွတ်လပ်စွာစီးဆင်းဆဲ
သံလွင်မြစ်အတွက် ဆုတောင်းရန် စုဝေးခဲ့ကြပုံ
Photo: International Rivers

# သံလွင် မြစ်ဝှမ်းဒေသများအတွက် အကျုံးဝင်သော လူ့အခွင့်အရေး စံနှုန်းများ

သံလွင် ဆည် စီမံကိန်းများတွင် ပါဝင်နေသော အဓိက အင်အားစု သုံးမျိုးမှာ– စီးပွားရေးဆိုင်ရာ ပါဝင် ပတ်သက်သူများ၊ မြန်မာနိုင်ငံ အစိုးရနှင့် သံလွင် ဆည် ရင်းနှီးမြှုပ်နှံသူများ၏ ပင်မနိုင်ငံများဖြစ်ပြီး ၎င်းတို့ထံတွင် ပြည်တွင်းနှင့် နိုင်ငံတကာ မူဘောင်များအရ တာဝန်များစွာရှိပါသည်။



## သံလွင် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၏ တာဝန်များ

သံလွင် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများတွင် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတွင်းနှင့် နိုင်ငံတကာ မူဘောင်များအရ တာဝန်များစွာ ရှိပြီး ၎င်းတို့ကို အောက်ပါ ဇယား ၂ တွင် အကျဉ်းချုံးဖော်ပြထားပါသည်။

### ဇယား ၂: သံလွင် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သော အဓိက စာချုပ်များ

| စာချုပ် | ရှင်းလင်းချက် | ပဋိပက္ခဒဏ်ခံရသော ဒေသများနှင့် သက်ဆိုင်မှု |
|---|---|---|
| စီးပွားရေးနှင့် လူ့အခွင့်အရေးတို့နှင့် ပတ်သက်သော ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ(UNGPs) | “ကာကွယ်၊ လေးစား၊ ကုစား” ဟူသည့် မဏ္ဍိုင်သုံးခုအပေါ် အခြေခံ၍ စီးပွားရေးနှင့် လူ့အခွင့်အရေးတို့အတွက် အပြည်ပြည်ဆိုင်ရာထိပ်တန်း မူဘောင် ဖြစ်သည်။<br>၁။ စီးပွားရေးလုပ်ငန်းများအပါအဝင် တတိယပုဂ္ဂိုလ်များမှ တရားစီရင်ရာတွင် လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းကို နိုင်ငံများမှ ကာကွယ်ပေးရန်<br>၂။ “နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများ” ကို စီးပွားရေးလုပ်ငန်းများမှ လေးစားရမည်။ (အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ICCPR၊ ICESCR)<br>၃။ စီးပွားရေးဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နစ်နာသွားရသောသူတို့အတွက် ထိရောက်စွာ ကုစားပေးနိုင်ရန် နိုင်ငံများမှ အဆင့်အလိုက် ဆောင်ရွက်ပေးရန်။ | **UNGP** ၁၄: ပဋိပက္ခဖြစ်ပွားနေရာ ဒေသများတွင် လည်ပတ်နေသော မည်သည့်အရွယ်အစားရှိသည့် လုပ်ငန်းမဆိုမှ လုံခြုံရေး၊ လူမျိုးရေးခွဲခြားခြင်းနှင့် အသက်ရှင်နေထိုင်ခွင့်ကို ချိုးဖောက်ခြင်းကဲ့သို့ ပဋိပက္ခဖြစ်ပေါ်ချိန်တွင် ပေါ်ပေါက်လာနိုင်သော အချက်များကို စနစ်တကျနှင့် ပုံမှန် ဂရုပြုရမည်။[36]<br><br>**UNGPs** ၁၇–၂၁: လိုအပ်သော နောက်ခံအကြောင်းအရာ စစ်ဆေးခြင်းများတွင် အောက်ပါတို့ ပါဝင်ရမည်။<br>၁။ လူ့အခွင့်အရေးအပေါ် အမှန်တကယ်သက်ရောက်မှုများနှင့် သက်ရောက်မှု ရှိနိုင်သည်များ၊<br>၂။ ရှာဖွေတွေ့ရှိသည်များအပေါ်မူတည်၍ ထည့်သွင်းကျင့်သုံးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း<br>၃။ တုန့်ပြန်မှုများ၏ ထိရောက်မှုကိုတိုင်းတာခြင်း၊<br>၄။ သက်ရောက်မှုများအပေါ် မည်သို့ ဖြေရှင်းသည်နှင့် ပတ်သက်၍ ဆက်သွယ်တင်ပြခြင်း[37]<br><br>**UNGP** ၂၁: လူ့အခွင့်အရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အခြေအနေများတွင် လုပ်ကိုင်နေသော လုပ်ငန်းများသည် ၎င်းတို့ အစီရင်ခံပုံစံများကို စနစ်တကျ ပုံစံသတ်မှတ်ထားသင့်ပြီး အဆိုပါ သက်ရောက်မှုများအား မည်သို့ဖြေရှင်းသည်ကို အသေးစိတ် ဖော်ပြသင့်သည်။[38] အဆိုပါအခြေအနေများတွင် UNGP ၇ တွင် ဖော်ပြထားသည့်အတိုင်း ပဋိပက္ခဖြစ်ပွားနေရာ ဒေသများ ပါဝင်သည်။ အစီရင်ခံရာတွင် ယုံကြည်နိုင်ဖွယ်ရှိစေရန် လွတ်လပ်သော အတည်ပြုစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။<br><br>**UNGP** ၂၃: လုပ်ငန်းများသည် “အလုပ်လုပ်သည့်အခါတွင် သိသာထင်ရှားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်စေသော၊ တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေသော အန္တရာယ်များကို ဥပဒေဆိုင်ရာ လိုက်နာမှုမရှိခြင်းကြောင့်ဖြစ်သော ပြဿနာအဖြစ် သဘောထား၍ ကိုင်တွယ်ရမည်။” UNGP အကြံပြုမှတ်စုများတွင် ပဋိပက္ခဖြစ်ပွားနေရာ ဒေသများကဲ့သို့ အချို့သော လုပ်ငန်းခွင်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုဖြစ်နိုင်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများသည် “အခြေအနေကို ပိုမဆိုးစေသင့်” ကြောင်း ဖော်ပြထားပါသည်။[39] |

36 United Nations Office of the High Commissioner for Human Rights (OHCHR), *United Nations Guiding Principles on Business and Human Rights: Implementing the United Nations “Protect, Respect and Remedy” Framework*, United Nations, 2011. <http://www.ohchr.org/documents/publications/GuidingprinciplesBusinesshr_eN.pdf>. See also M Van Dorp, *Multinationals and Conflict: International principles and guidelines for corporate responsibility in conflict affected areas* , SOMO, 2014. <http://www.somo.nl/wp-content/uploads/2014/12/Multinationals-and-Conflict-1.pdf>.

37 United Nations Office of the High Commissioner for Human Rights (OHCHR), Working Group on Business and Human Rights, *Corporate human rights due diligence – Background note elaborating on key aspects*, Companion note I to the Working Group’s 2018 report to the General Assembly (A/73/163), United Nations, 2018, p.2, <http://www.ohchr.org/Documents/Issues/Business/Session18/CompanionNote1DiligenceReport.pdf>.

38 Ibid, p. 4.

39 Office of the United Nations High Commissioner for Human Rights, *Guiding Principles on Human Rights and Business: Implementing the United Nations “Protect, Respect, Remedy” Framework* , United Nations, 2011, p. 26.

| စာချုပ် | ရှင်းလင်းချက် | ပဋိပက္ခဒဏ်ခံရသော ဒေသများနှင့် သက်ဆိုင်မှု |
|---|---|---|
| လူ့အခွင့်အရေးနှင့် နိုင်ငံခြား ကော်ပိုရေးရှင်းများနှင့် အခြားသော စီးပွားရေးလုပ်ငန်း များဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့[40] | နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများ၏ ပဋိပက္ခ အခြေအနေအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များကို အကျယ်တဝင့် ရှင်းလင်းဖော်ပြထားသော ကုလသမဂ္ဂလုပ်ငန်းအဖွဲ့၏ အကြောင်းအရာအလိုက် အစီရင်ခံစာ : "စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ပဋိပက္ခဒဏ်ခံရသော ဒေသများ : အရေးယူဆောင်ရွက်မှုများ ပိုမိုမြင့်မားလာစေရေး" | ဤ အစီရင်ခံစာနှင့် မူဘောင်သည် **ပဋိပက္ခဒဏ်ခံရသော နယ်မြေများတွင် စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်ရသော လူ့အခွင့်အရေးချိုးဖောက်မှုများ စံတင်လောက်အောင် ဖြစ်ပွားကြောင်း** တင်ပြပြောဆိုထားသည်။ ဤ အစီရင်ခံစာသည် ပဋိပက္ခဖြစ်စဉ်တွင်းနှင့် ပဋိပက္ခအလွန် အခြေအနေတို့တွင် စီးပွားရေးလုပ်ငန်း များကြောင့်ဖြစ်ရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန်နှင့် ဖြေရှင်းရန်အတွက် နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများမှ ဆောင်ရွက်ရမည့် လက်တွေ့လုပ်ငန်းစဉ်များကို ဖော်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်သိရှိရန်လိုသည်တို့ကို စုံစမ်းရေးနှင့် ကုစားဖြေရှင်းမှုတို့ ရယူနိုင်စွမ်းတို့ကို မြှင့်တင်ရေးလည်း အထူးဖော်ပြထားသည်။<br><br>ပဋိပက္ခဒဏ်ခံရသော နယ်မြေများတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်သော **အခါ ကျား/မရေးရာ အမြင်** ကို ထည့်သွင်းစဉ်းစားရန်လည်း အလေးပေးပြောဆိုထားသည်။ အဘယ်ကြောင့်ဆိုသော ပဋိပက္ခတွင်းနှင့် ပဋိပက္ခလွန် အခြေအနေများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ ခံစားနေရသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အဆိုပါ ချိုးဖောက်မှုများကို ခံစားရနိုင်ခြေတို့ ရှိနေသောကြောင့်ဖြစ်သည်။ |
| ကုလသမဂ္ဂ အပြည်ပြည်ဆိုင် ရာသဘောတူညီချက် | ရေရှည်တည်တံ့ခိုင်မြဲရေး အခြေခံမူများကို ထည့်သွင်းကျင့်သုံးပြီး လိုက်နာရန် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကို အခြေခံ၍ မိမိဆန္ဒအလျောက် ဆောင်ရွက်သော စွန့်ဦးလုပ်ဆောင်ချက်<br><br>အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ လုပ်ငန်းခွင်အတွင်း အခြေခံကျသော စည်းမျဉ်းများနှင့် အခွင့်အရေးများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်းမှ ကြေညာချက်၊ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရီယိုကြေညာချက်၊ အဂတိလို က်စားမှုတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ သဘောတူစာချုပ်တို့ကို အခြေခံထားသော အခြေခံမူ ၁၀ ချက်ပါဝင်သည်။ | **အခြေခံမူ ၁:** စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများအား ကာကွယ်ရေးကို လေးစား ထောက်ခံသင့်သည်။[41]<br><br>**အခြေခံမူ ၂:** စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးချိုး ဖောက်မှုများတွင် ပါဝင်ပတ်သက်မှု လုံးဝမရှိသင့်ပါ။ |

[40] နိုင်ငံခြားကော်ပိုရေးရှေးများ၊ အခြားသော စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စပြဿနာရပ်များအပေါ်တင်ပြသော လုပ်ငန်းအဖွဲ့အစီရင်ခံစာ၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ပဋိပက္ခဒဏ်ခံရသော ဒေသများ: အရေးယူဆောင်ရွက်မှုများ ပိုမိုမြင့်မားစေရေး၊ ကုလသမဂ္ဂအထွေထွေညီလာခံ A/75/212, 21 ဇူလိုင်လ ၂၀၂၀. <http://undocs.org/en/A/75/212>

[41] United Nations Global Compact, 'The Ten Principles of the UN Global Compact': <http://www.unglobalcompact.org/what-is-gc/mission/principles>.

| စာချုပ် | ရှင်းလင်းချက် | ပဋိပက္ခဒဏ်ခံရသော ဒေသများနှင့် သက်ဆိုင်မှု |
|---|---|---|
| တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ၏ အခြေခံမူများ (UNPRI) | နိုင်ငံတကာမှ အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတစ်စုမှ ဖန်တီးထားခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ် နှင့် ပြိုင်လျက် တည်ရှိသည်။ ဤအခြေခံမူများကြောင့် ရင်းနှီးမြှုပ်နှံသူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ နှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများ(ESG)ကို ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များအတွင်း ထည့်သွင်း ကျင့်သုံးနိုင်မည်ဖြစ်သည်။ အဆိုပါ ESG ကိစ္စများသည် ရေရှည်တွင် ရင်းနှီးမြှုပ်နှံမှုများအပေါ် သက်ရောက်မှုရှိနိုင်သည့် အတွက် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ကြီးကြပ်ရေး တာဝန်များ ပြည့်မီရန်အတွက် ၎င်းတို့ကို ထည့်သွင်းကျင့်သုံးရမည်ဖြစ်ကြောင်း UNPRI မှ ဆိုထားပါသည်။ | **အခြေခံမူ ၁:** ရင်းနှီးမြှုပ်နှံသူများသည် အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း (မူဝါဒချမှတ်ခြင်း၊ နည်းစနစ်ကိရိယာများ၊ မက်ထရစ်များ၊အဖွဲ့အစည်းတွင်း စီမံခန့်ခွဲနိုင်စွမ်းနှင့် လေ့ကျင့်ရေး) ဖြင့် "ESG အရေးကိစ္စများကို ရင်းနှီးမြှုပ်နှံမှု သုံးသပ်ရေးနှင့် ဆုံးဖြတ်ချက်ချရေးတို့တွင် ထည့်သွင်းကျင့်သုံး"ကာ ESG ကိစ္စများကို ထိထိရောက်ရောက် ထည့်သွင်းကျင့်သုံးနိုင်စေရန် ဆောင်ရွက်ရမည်။<br><br>**အခြေခံမူ ၂:** လက်မှတ်ရေးထိုးထားသူများသည် "လက်ရှိ သက်ဝင်သောပိုင်ရှင်များဖြစ်မည်ဖြစ်ပြီး ESG ကိစ္စများကို လက်ရှိအကျုံးဝင်သော ပိုင်ဆိုင်မှု မူဝါဒများမှ တစ်ဆင့် ကျွန်ုပ်တို့၏ ကုမ္ပဏီ မူဝါဒများနှင့် ကျင့်ထုံးများ အတွင်း ထည့်သွင်းကျင့်သုံးပြီး" ESG ကိစ္စများနှင့် ပတ်သက်ပြီး အခြားသောကုမ္ပဏီများနှင့်လည်း ဆက်ဆံကာ မဲပေးပိုင်ခွင့်များကိုလည်း ကျင့်သုံးပြီး ESG ဆိုင်ရာ စဉ်းစားရမည့် အရေးကိစ္စများနှင့် ပတ်သက်ပြီး လိုက်လျောညီထွေရှိသော ရှယ်ယာပိုင်ရှင်များ၏ ဆုံးဖြတ်ချက်များကို ဖြည့်စွက်ရမည်။<br><br>**အခြေခံမူ ၃:** လက်မှတ်ရေးထိုးသူများသည် နှစ်စဉ်အစီရင်ခံစာများတွင် ESG ကိစ္စများအကြောင်း အစီရင်ခံခြင်းဖြင့် ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသောအဖွဲ့အစည်း များထံမှ "သင့်လျော်သော ထုတ်ဖော်ပြောကြားချက်များကို တောင်းဆိုရမည်" ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများနှင့် လိုက်နာခြင်းနှင့် ပတ်သက်သည့် အချက်အလက်များ ပေးခြင်း နှင့် ESG အကြောင်း ထုတ်ဖော်ပြောကြားခြင်းကို အားပေးသည့် ရှယ်ယာရှင် ဆုံးဖြတ်ချက်များကို ထောက်ခံခြင်းတို့ ပြုလုပ်ရမည်။ |
| နိုင်ငံများစွာ တွဲဖက်ပါဝင်သော လုပ်ငန်းများအတွက် စီးပွားရေးအရ တွဲဖက်လုပ်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (OECD)၏ လမ်းညွှန် | OECD နိုင်ငံ ၃၆ နိုင်ငံနှင့် OECD မဟုတ်သော်လည်း လိုက်နာရန် သဘောတူထားသည့် နိုင်ငံ ၁၂ နိုင်ငံတို့မှ အစိုးရများနှင့် နိုင်ငံများစွာပူးတွဲပါဝင်သော လုပ်ငန်းများအတွက် အကျုံးဝင်သော လမ်းညွှန်ချက်များဖြစ်သည်။ ဤလမ်းညွှန်ချက်များသည် ကုလသမဂ္ဂလမ်းညွှန်ချက်များကို မှီငြမ်းထားပြီး အစိုးရများကို ဥပဒေအရ ချည်နှောင်ထားသော်လည်း နိုင်ငံများစွာ တွဲဖက်ပါဝင်သော လုပ်ငန်းများကိုမူ ဥပဒေအရ ချည်နှောင်ထားခြင်း မရှိပါ။ သို့ရာတွင် ဤလမ်းညွှန်များကို ချိုးဖောက်ခြင်းနှင့် ပတ်သက်၍ တိုင်တန်းချက်များကို လမ်းညွှန်များကိုလိုက်နာသည့် နိုင်ငံများအားလုံးမှ သတ်မှတ်ပေးထားသည့် နိုင်ငံတော်အဆင့် ဆက်သွယ်ရန် သတ်မှတ်နေရာများသို့ ပေးပို့နိုင်သည်။ | **အခန်း ၄ လူ့အခွင့်အရေးများ၊ [၅]:** "လုပ်ငန်းများသည် ၎င်းတို့၏ အရွယ်အစား၊ အမျိုးအစား၊ လုပ်ငန်းများ၏ အခြေအနေနှင့် လူ့အခွင့်အရေးပေါ် ဆိုးကျိုးသက်ရောက်နိုင်ခြေ တို့အပေါ် မူတည်၍ လိုအပ်သော နောက်ကြောင်း အချက်အလက် စစ်ဆေးခြင်းများကို ပြုလုပ်ရမည်။" ဆိုလိုသည်မှာ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် လုပ်ငန်းလုပ်ဆောင်နေပါက မှန်ကန်တိကျသော နောက်ကြောင်း အချက်အလက်စစ်ဆေးမှုဖြစ်စေရန် ပိုမို အလေးထား လုပ်ကိုင်ရမည်ဖြစ်သည်။ ( UNGPs ၁၇ နှင့် ၁၈ တို့နှင့် အညီ)<br><br>**အခန်း ၄ "လူ့အခွင့်အရေးအပေါ် ရှင်းလင်းချက်" [၄၀]:** "ပဋိပက္ခများဖြစ်ပွားနေစဉ်တွင် လုပ်ငန်းများသည် ၎င်းတို့အား ဤသို့ ခက်ခဲလှသော ဝန်းကျင်တွင် လုပ်ငန်းလုပ်ဆောင်နေစဉ် ဆိုးကျိုးများသက်ရောက်စေခြင်း၊ သက်ရောက်စေမှုတွင် ပါဝင်နေခြင်း တို့ကို ရှောင်ရှားစေနိုင်ရန် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏ စံနှုန်းများကို လေးစားသင့်သည်။" |

| စာချုပ် | ရှင်းလင်းချက် | ပဋိပက္ခဒဏ်ခံရသော ဒေသများနှင့် သက်ဆိုင်မှု |
|---|---|---|
| အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း (IFC) စွမ်းဆောင်ရည်စံနှုန်းများ | IFC ဝန်ဆောင်မှုကို အသုံးပြုသူများ (IFC ၏ ငွေကြေးစနစ်ကို စီမံကိန်းတစ်ခုအတွက် အသုံးပြုသူများ) အတွက် အကျိုးဝင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ စွမ်းဆောင်ရည် စံနှုန်းများ။<br><br>ရင်းနှီးမြှုပ်နှံမှုသက်တမ်းတစ်လျှောက်တွင် အသုံးပြုသူများမှ လိုက်နာရမည့် တာဝန်များကို စွမ်းဆောင်ရည် စံနှုန်း ရှစ်ခုက ဖော်ပြပေးထားပါသည်။ | **စွမ်းဆောင်ရည်စံနှုန်း ၄ ရည်မှန်းချက်များ:** “သက်ရောက်မှုခံရသော လူ့အဖွဲ့အစည်း၏ ကျန်းမာရေးနှင့် လုံခြုံရေးအပေါ် ကျရောက်လာနိုင်သော ဆိုးကျိုးများကို ကြိုတင်မျှော်လင့်ထားပြီး ရှောင်ရှားနိုင်ရန်...” “လူများနှင့် ပိုင်ဆိုင်မှုများကို သက်ဆိုင်ရာ လူ့အခွင့်အရေး အခြေခံမူနှင့် လိုက်လျောညီထွေရှိစွာ စောင့်ရှောက်ရန်...”<br><br>**စွမ်းဆောင်ရည် စံနှုန်း ၇ ရည်မှန်းချက်များ:** “FPIC သက်ရောက်ခြင်းခံရသည့် ဌာနေတိုင်းရင်းသားများ၏ (လွတ်လပ်စွာကြိုတင် အသိပေးပြီးနောက် ရယူထားသော ခွင့်ပြုချက်) ရရှိကြောင်း သေချာစေရန် |

### *စီးပွားရေးလုပ်ငန်းများသည် ကုလသမဂ္ဂလမ်းညွှန် အခြေခံမူများကို လိုက်နာရမည်။*

**စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများအတွက် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ** (ကုလသမဂ္ဂ အခြေခံမူများ) သည် ကုမ္ပဏီများနှင့်  ငွေကြေးဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေသူများ အနေနှင့် လူ့အခွင့်အရေးများကို မည်သို့နားလည်စေရမည် ဟူသည်ကို ချမှတ်ပေးရာတွင် နိုင်ငံတကာက အသုံးချသော ခိုင်လုံသော အရင်းအမြစ်တစ်ခုအဖြစ်သတ်မှတ်ကြပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး လက်ရှိ အခြေအနေအပေါ် ၂၀၁၉ လူ့အခွင့်အရေး ကောင်စီမှ ချမှတ်သော ဆုံးဖြတ်ချက်တွင် “နိုင်ငံများစွာ ပေါင်းစပ်ပါဝင်သော ကော်ပိုရေးရှင်းများနှင့် ဒေသတွင်းလုပ်ငန်းများအပါအဝင် (မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော) စီးပွားရေးလုပ်ငန်းအားလုံးသည် စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန်အခြေခံမူများနှင့် အညီ လူ့အခွင့်အရေးများကို လေးစားရမည်” ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။[42] ကုလသမဂ္ဂလမ်းညွှန်ချက်များသည် ကုမ္ပဏီများအား ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်လိုက်ခြင်း မရှိသော်လည်း ပြင်းထန်စွာ လူ့အခွင့်အရေးချိုးဖောက်နေမှုများ၊ သို့မဟုတ်၊ ချိုးဖောက်ရာတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နေမှုများကို ဥပဒေလိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်ရသော ပြဿနာတစ်ရပ်အနေဖြင့် ကိုင်တွယ်ဖြေရှင်းကြရန် လမ်းညွှန်ခြင်းဖြင့် “အလွန်သိသာထင်ရှားစွာ သတိပေးခြင်း” ပြုလုပ်ခြင်းဖြစ်ပါသည်။[43]

### *စီးပွားရေးလုပ်ငန်းများသည် လိုအပ်သော နောက်ခံ အကြောင်းအရာ စစ်ဆေးခြင်း ပြုလုပ်ကြရမည်။*

စီးပွားရေးလုပ်ငန်းများသည် ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများနှင့် လိုက်လျောညီထွေရှိစေရန် “လိုအပ်သော နောက်ခံအကြောင်းအရာများ စစ်ဆေးမှု” ပြုလုပ်ရမည်။ လိုအပ်သော နောက်ခံအကြောင်းအရာများ စစ်ဆေးမှုသည် စံနှုန်းတစ်ခုဖြစ်သကဲ့သို့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် စီးပွားရေးလုပ်ငန်းများအား ဒေသခံများ၏ လူ့အခွင့်အရေးအပေါ် သက်ရောက်နေမှုများကို ရှာဖွေ၊ ရပ်တန့်၊ လျှော့ချပြီး ဖြစ်ပွားပြီးသည်များအတွက်လည်း ကုစားဖြေရှင်းခြင်းများ ပြုလုပ်ရမည်။ ဤလုပ်ငန်းစဉ်သည် အစဉ်မပြတ် လုပ်ဆောင်နေရမည်ဖြစ်သကဲ့သို့ မဖြစ်မီက ကြိုတင်လုပ်ဆောင်ကာ တုန့်ပြန်မှုလည်း ရှိရမည်ဖြစ်သည်။ သို့မှသာ ကုမ္ပဏီများသည် လူ့အခွင့်အရေးများကို သေချာပေါက် လေးစားရာရောက်ပြီး ပဋိပက္ခများ ကို အားပေးအားမြှောက်ပြုရာမရောက်မည်ဖြစ်သည်။[44] လိုအပ်သော နောက်ခံအကြောင်းအရာများ စစ်ဆေးမှုကို  အစဉ်မပြတ်လုပ်ရေး လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံကဲ့သို့  ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းဆဲအနေအထား၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စတင်ကာစတွင် ပဋိပက္ခများ မည်သည့်အချိန်တွင် ဖြစ်မည်ကို မှန်းဆ၍မရသော ပဋိပက္ခများ ဖြစ်ပွားနေရာ ဒေသများတွင် အထူးအရေးပါသည်။

[42] United Nations Human Rights Council, Resolution 40/L.19 on the situation of human rights in Myanmar, A/HRC/40/L.19, para. 37, 19 March 2019, p.14.

[43] M Camilleri, Miners, guns and lawyers: Tracing corporate liability for breaches of human rights by mining companies in conflict-affected areas, October 2015, Business and Human Rights Resource Centre, <http://media.business-humanrights.org/media/documents/files/documents/Mark_Camilleri_Oct2015.pdf>.

[44] Organisation for Economic Co-operation and Development, OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas: Third Edition, OECD Publishing, 2016. <http://www.oecd-ilibrary.org/docserver/9789264252479-en.pdf?expires=1596036831&id=id&accname=guest&checksum=6A674073EF00FA8A4952A5520366E12B>.



**သံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ်များ၌ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများသည် စစ်စနစ်သွတ်သွင်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုတို့၏ ဒဏ်ကို ခံစားကြရသည်**
Photo: International Rivers

သံလွင် လုပ်ငန်း တွင်ပါဝင်ပတ်သက်သူများသည် ကုလသမဂ္ဂ လမ်းညွှန်မူဝါဒ ၁၇–၂၁ နှင့်အညီ လိုအပ်သည့်နောက်ကြောင်းအချက်အလက်များစစ်ဆေးခြင်းရှိမရှိကို ရေရေရာရာ မသိသေးပါ။ ဆည်များအတွက် လုံခြုံရေး တာဝန်ယူထားပြီး သံလွင် ၏ လုပ်ငန်းစဉ်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများမှ တစ်ဆင့် ၎င်း၏ ပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်မှု ရှိနေသော မြန်မာ့တပ်မတော်မှ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများအား သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများမှ ကြည့်ရှုစစ်ဆေးပြီး လျှော့ချနိုင်ရန်ကြိုးစားခြင်း ရှိမရှိကို သေချာ အလေးထား စောင့်ကြည့်သင့်သည်။ ကုမ္ပဏီများမှ မြန်မာ့တပ်မတော်၏ အထွေထွေ လူ့အခွင့်အရေး မှတ်တမ်းများ အလုံးစုံကို စစ်ဆေးရန်မလိုအပ်သော်လည်း ဆည်များရှိရာဒေသများနှင့် အနီးအနားဒေသများတွင် ၎င်းတို့ ရှိနေခြင်းကြောင့် ဖြစ်နိုင်သော မတရားမှုများ၏ ဖြစ်နိုင်ခြေကို မှန်းဆ စစ်ဆေးထားရမည်။ ထိုသို့ စစ်ဆေးရာတွင် အောက်ပါအချက်များ ပါနိုင်သည်:

- ယေဘုယျတည်ငြိမ်မှု အခြေအနေနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများတည်ရှိမှု၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုရှိခြင်း နှင့် လက်ရှိနှင့် ယခင်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအား လိုက်နာမှု ရှိခြင်း စသည်တို့ ပါဝင်သည့် ဒေသတွင်းရှိ တရားဥပဒေစိုးမိုးရေး
- တိုင်းရင်းသား ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်မှု ပိုမိုရရှိစေရန်နှင့် နိုင်ငံရေး အာဏာလွှဲပြောင်းမှုအတွက် နိုင်ငံလှုပ်ရှားမှုများရှိနေခြင်းအပါအဝင် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များအပေါ် အမြင်များ
- လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ်ထားရှိသည့် ဒေသခံ ကိုယ်စားလှယ်များနှင့် ဒေသခံ လူ့အဖွဲ့အစည်းများ၏ အမြင်
- ရပ်ရွာအသိုင်းအဝိုင်းမှ ဆည်ဆောက်လုပ်ရေးကို ထောက်ခံခြင်း (သို့မဟုတ်) ဆန့်ကျင်ခြင်းကို ထည့်သွင်းစဉ်းစားခြင်း သို့မဟုတ် ဒေသခံ အဖွဲ့များမှ ဆည်ဆောက်လုပ်ခြင်းအား ကန့်ကွက်ကြောင်း စည်းရုံးပြောဆိုခြင်း တို့အပါအဝင် လူမှုဝန်းကျင်အတွင်း ရှိနေသော၊ ရှိလာနိုင်သော တင်းမာမှုများ
- ရေအားလျှပ်စစ်ထုတ်လုပ်သည့် ဒေသများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် မြန်မာ့တပ်မတော်သားများ၏ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုတို့သည် လူ့အခွင့်အရေးများနှင့် ကိုက်ညီရမည်ဖြစ်ပြီး ၎င်းအား လူ့အခွင့်အရေးမှတ်တမ်း နှင့် တိုက်၍ စစ်ဆေးရမည်။[45]

[45] M Van Dorp, 2014, p. 30.

ဤစစ်ဆေးမှုသည် သယံဇာတထုတ်လုပ်ရေးလုပ်ငန်း၏ လုံခြုံရေးနှင့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် မိမိဆန္ဒအလျောက် ဆောင်ရွက်လိုက်နာရမည့် အခြေခံမူများ ( မိမိဆန္ဒအလျောက်ဆောင်ရွက်ရမည့် အခြေခံမူများ) နှင့် ကိုက်ညီသည်။ သဘောတူထားသော အခြေခံမူများကို လမ်းညွှန်ပုံစံဖြင့် ဖော်ပြထားရသည့်အကြောင်းမှာ ၎င်းတို့သည် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ၊ ဖြစ်လာနိုင်သော အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး မှတ်တမ်းများသည် အစိုးရ လုံခြုံရေး အဖွဲ့အစည်းများ ပါဝင်သော စီမံကိန်းတစ်ခု၏ အန္တရာယ်ဖြစ်နိုင်မှုကို တိုင်းတာစစ်ဆေးခြင်းအတွက် အဓိကအချက်များဖြစ်ကြောင်း မီးမောင်းထိုးပြနေခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသည် မိမိဆန္ဒအလျောက်ဆောင်ရွက်ရမည့် အခြေခံမူအား ပိုမိုအသုံးပြုရန်နှင့် ပိုမိုနားလည်စေရန် စီစဉ်ထားသည့် "နိုင်ငံတွင်း ထည့်သွင်းကျင့်သုံးခြင်း ရှေ့ပြေးအဖွဲ့" အနေဖြင့် ရွေးချယ်ထားသော နိုင်ငံ သုံးနိုင်ငံတွင်လည်း ပါဝင်နေပါသည်။[46]

သံလွင် ဆည်များအား လိုအပ်သည့်နောက်ကြောင်းအချက်အလက်များစစ်ဆေးခြင်းနှင့် ပတ်သက်သည့် အဓိက အချက်များစွာတို့ကို IFC ၏ SEA တွင် အကျဉ်းချုံး ဖော်ပြထားပါသည်။[47] သို့ရာတွင် ဤသည်မှာ လိုအပ်သည့် နောက်ကြောင်းအချက်အလက်များစစ်ဆေးခြင်းအား အစားထိုးခြင်းမဟုတ်ဘဲ ပဋိပက္ခနှင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများအား လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများသည် ကိုယ်ပိုင်နည်းလမ်းများဖြင့် စစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်သည်။ ဒေသတွင်းပဋိပက္ခများ နှင့် လူ့အခွင့်အရေး စစ်ဆေးမှုများကို လူမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင် လေ့လာမှုများကဲ့သို့ အခြားသော ကုမ္ပဏီ လုပ်ငန်းစဉ်များအတွင်း ထည့်သွင်းနိုင်သော်လည်း ယင်းတို့တွင် လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပဋိညာဉ်များအား ကိုးထားထည့်သွင်းထားသင့်ပါသည်။[48] ဥပမာ– သံလွင်ဆည်များအတွက် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု စစ်ဆေးမှုများစွာ ပြုလုပ်ပြီး ဖြစ်သော်လည်း ၎င်းတို့သည် အခွင့်အရေးများဖြင့် ကိုက်ညီမှုမရှိခြင်းနှင့် ကုလသမဂ္ဂ၏ လမ်းညွှန် အခြေခံမူများ၏ "ကာကွယ်၊ လေးစား၊ ကုစား" ဟူသော အခြေခံမူဘောင် ကိုလည်း လိုက်နာမှု မရှိခြင်းမျိုး ဖြစ်နေနိုင်သည်။

### *လုပ်ငန်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်း၊ သို့မဟုတ်၊ ရှောင်ရှားခြင်း မဖြစ်မနေ ပြုလုပ်ရမည်။*

လုပ်ငန်းတစ်ခုမှ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ရှာဖွေတွေ့ရှိပြီးသည်နှင့် လိုအပ်သည့်နောက်ကြောင်းအချက်အလက်များစစ်ဆေးခြင်း လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အဆိုပါ သက်ရောက်မှုများနှင့် ပတ်သက်၍ မဟာဗျူဟာကျစွာ တုန့်ပြန်မှု မဖြစ်မနေပြုလုပ်ရမည်။ လူ့အခွင့်အရေး ချိုးဖောက်မှု အမှန်တကယ်ရှိခြင်း၊ သို့မဟုတ်၊ ရှိလာနိုင်ခြင်း ရှိပါက ကုမ္ပဏီဘက်မှ လုပ်ဆောင်ရန် သင့်လျော်သော မဟာဗျူဟာများမှာ:

- ရှိနေပြီးသော တိုင်းရင်းသားပိုင် မြေနှင့် သဘာဝသယံဇာတဆိုင်ရာ စီမံအုပ်ချုပ်ရေး တည်ဆောက်ပုံများအတွင်းတွင် စီမံကိန်းများအား ထည့်သွင်းနိုင်ရန် ပြန်လည်ညှိနှိုင်းခြင်း

- ထိခိုက်နိုင်ခြေများအား လျှော့ချရေး လုပ်ဆောင်နေစဉ်တွင် စီမံကိန်းအား ခေတ္တရပ်နားထားခြင်း။ ဥပမာ– ကိုယ်စားလှယ်အဖွဲ့များနှင့် ပြုလုပ်သော ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် ဆည်တည်ဆောက်ရေး စီမံကိန်း ပါလာသည့်အချိန်အထိ။

- လုပ်ငန်းမှ ထိခိုက်နိုင်ခြေများကို အောင်မြင်စွာ မလျှော့ချနိုင်ပါက၊ သို့မဟုတ်၊ လျှော့ချရန် အခြေအနေမပေးပါက စီမံကိန်းတွင် ပါဝင်နေမှုကို ရာသက်ပန် ရပ်တန့်ထားရမည်။

- စီမံကိန်းသည် ပဋိပက္ခများကို ပိုဆိုးစေပါက၊ သို့မဟုတ်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်နေစေပါက ပါဝင်နေမှုကို ချက်ချင်း ရပ်တန့်ရမည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ လူမှုအဖွဲ့အစည်းများမှ အထောက်အထားများအရ သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သော သူများသည် ကုလသမဂ္ဂ လမ်းညွှန်ချက် အခြေခံမူများတွင် ဖော်ပြထားသည့်အတိုင်း ယင်းတို့ အဖွဲ့အစည်းများနှင့် လုံလောက်စွာ တွေ့ဆုံဆွေးနွေးခဲ့ခြင်း မရှိကြောင်း တွေ့ရပါသည်။ လမ်းညွှန်အခြေခံမူ ၁၈ တွင် "စီးပွားရေးလုပ်ငန်း၏ အရွယ်အစားနှင့် စီမံကိန်း၏ နောက်ခံ အနေအထားနှင့် ကိုက်ညီစွာ ဤလုပ်ငန်းမှ သက်ရောက်မှုကို ခံရနိုင်ခြေရှိသည့် အဖွဲ့များနှင့် အဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရမည်" ဟူ၍ ဖော်ပြထားသည်။

[46] ACAS (Asia Conflict and Security) Consulting Ltd., *Voluntary Principles on Security and Human Rights (VPSHR) Mapping: Myanmar, Final Report*, 28 March 2018. <http://www.myanmar-responsiblebusiness.org/pdf/2018-05-20-VPI-Myanmar-Final-Report.pdf>.

[47] The Strategic Environment Assessment final report recommends that conflict sensitivity guidelines for hydropower projects should be developed and detailed conflict assessments be conducted as part of the pre-feasibility or feasibility studies for hydropower projects facing conflict risks. See IFC, 2018, pp. 5–6.

[48] OHCHR, 2011, p. 20.

ဆည် စီမံကိန်းများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်တွင် ဖော်ပြထားသည့် အတင်းအဓမ္မ မြေနေရာများ ဖယ်ခြင်း၊ သို့မဟုတ်၊ နေရာပြောင်းရွှေ့ခြင်းများကို ဌာနေတိုင်းရင်းသားများမှ လွတ်လပ်စွာ ကြိုတင်သိရှိပြီးနောက်ပေးသော သဘောတူညီချက်မပါဘဲ ပြုလုပ်ခွင့်မရှိပါ ဟူသော အချက်ကို လိုက်နာရမည်။ ဥပမာ– မောင်းတုန် (တာဆန်း) ဆည်အတွက်  သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု စစ်ဆေးရေး (EIA) ၏ တစ်စိတ်တစ်ပိုင်း အနေနှင့် ပြုလုပ်သော တွေ့ဆုံဆွေးနွေးပွဲများကို ဒေသခံ လူ့အဖွဲ့အစည်းများနှင့် မြို့ပြ လူ့အဖွဲ့အစည်းများမှ ဆန့်ကျင် ဆန္ဒပြပါခဲ့သည်။ထို့ကြောင့် ဤတွေ့ဆုံမှုများတွင် ပြုလုပ်ခဲ့သော ထိတွေ့ဆက်ဆံမှုများသည် အကန့်အသတ်များစွာ ရှိနေပြီး လွတ်လပ်မှုမရှိဘဲ "သက်ရောက်မှုကို ခံရနိုင်ခြေရှိသည့် အဖွဲ့များနှင့် အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှု" ဟု မဆိုနိုင်သည့်အပြင် စီမံကိန်းတွင် ပါဝင်သည့် သံလွင်လုပ်ငန်းတွင် ပါဝင်ပတ်သက်သူအပေါ် ကုလသမဂ္ဂလမ်းညွှန် အခြေခံမူများတွင်ပါဝင်သည့် လိုက်နာရန်တာဝန်များမှ လျှော့ပေါ့ပေးမည်မဟုတ်ပါ။

ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူ ၁၈ ကို လိုက်နာရေးသည် ပုံမှန် ကန့်ကွက်ဆန္ဒပြမှုများနှင့် သံလွင်ဆည်အား ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးခြင်းများတွင် မြင်ရသည့်အတိုင်း ဒေသခံ လူ့အဖွဲ့အစည်းမှ သိသာထင်ရှားစွာ အသံထွက် ကန့်ကွက်ခြင်းရှိနေပါက လိုက်နာရန်ပိုမို အရေးကြီးသည်။ ကုမ္ပဏီနှင့် အစိုးရ လုပ်ငန်းစဉ်များကြောင့် ဆည်ကြောင့် နစ်နာရသည့် လူ့အဖွဲ့အစည်းများအတွင်း စိတ်ဆင်းရဲမှုများ ပိုမိုဖြစ်ပေါ်နေကြောင်း အရပ်ဖက်လူမှု အဖွဲ့အစည်းများမှ ပြောကြားခဲ့သည်။ ဥပမာ– ရေအားလျှပ်စစ် စာချုပ်များသည် အများပြည်သူ၏ ပါဝင်ဆုံးဖြတ် အကြံပေးချက်မပါဘဲ လက်မှတ်ရေးထိုးထားခြင်းဖြစ်သည့်အပြင် အများပြည်သူအား အသိပေးထားခြင်းလည်း မရှိပါ။ အချို့သော ဒေသခံများမှာ မြေတိုင်းခြင်းများနှင့် ဆောက်လုပ်ရေးများ မစတင်မီအထိ  ဆည်တည်ဆောက်ရေး စီမံကိန်းများအကြောင်း မသိထားကြပါ။[49]

ပဋိပက္ခ ဒဏ်ခံရသောဒေသများတွင် လူ့အခွင့်အရေး သိသိသာသာ ချိုးဖောက်နိုင်ခြေများ တိုးမြင့်လာပါက စီးပွားရေးလုပ်ငန်းများမှ လူ့အခွင့်အရေးများကို လိုက်နာရမည်မှာ ရွေးချယ်မှုတစ်ခုသက်သက် မဟုတ်တော့ဘဲ ဥပဒေအရ လိုအပ်ချက်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လမ်းညွှန်ချက် အခြေခံမူ ၂၃ တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းများမှ "၎င်းတို့ လုပ်ငန်းလုပ်ဆောင်ရာတွင် လူ့အခွင့်အရေး သိသိသာသာချိုးဖောက်မှုများကို ဖြစ်စေသော၊ သို့မဟုတ်၊ ဖြစ်စေရန် တွန်းအားပေးသော ဖြစ်နိုင်ခြေများကို ကိုင်တွယ်ရာတွင် ဥပဒေကိုမလိုက်နာသောကြောင့် ဖြစ်ရသော ပြဿနာတစ်ရပ်အနေနှင့် ရင်ဆိုင်ဖြေရှင်းရန်" နှင့် "အခြေအနေကို ပိုဆိုးသွားအောင် မပြုစေရန်" ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများက မျှော်လင့်ထားပါသည်။

ပြင်ဆင်ရေးလုပ်ငန်းစဉ်များကြောင့် သံလွင် ဆည်ရှိရာ နယ်မြေများတွင် ပဋိပက္ခများစွာ ဖြစ်ခဲ့ခြင်းသည် ဤ စီမံကိန်းများ၏ အန္တရာယ်မြင့်မားမှုကို ဖော်ပြနေပေသည်။ စီမံကိန်း ဖြစ်မြောက်ရေး အစောပိုင်းတွင်ပင် ဤကဲ့သို့ အကြမ်းဖက်မှုများ ဖြစ်ပွားနေခြင်းသည် သံလွင်၏ လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအနေနှင့် အန္တရာယ်ဖြစ်လာနိုင်ခြေများကို ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများတွင် ညွှန်ကြားထားသည့်အတိုင်း အရေးတယူ ဖြေရှင်းနေခြင်း မရှိကြောင်း ရည်ညွှန်းပြနေပါသည်။

## မြန်မာနိုင်ငံ၏ တာဝန်များ

အောက်ပါတို့အပါအဝင် များစွာသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များအား လိုက်နာရန် မြန်မာနိုင်ငံမှ သဘောတူထားပါသည်။

- **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်**
- **အမျိုးသမီးများအပေါ် နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခြင်းအား ဖျက်သိမ်းရေး သဘောတူစာချုပ်**
- **ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်**

အခြားသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များစွာသည် လည်း အထွေထွေ နှင့် ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဥပဒေတို့တွင် ပါဝင်သည့်အတွက် မြန်မာနိုင်ငံအတွက် အကျုံးဝင်ပါသည်။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များကို ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများအပါအဝင် အခြားသော အရင်းအမြစ်များမှတစ်ဆင့်လည်း ဆက်လက်ရှင်းလင်းထားပါသည်။ ထို့အပြင် လူ့အခွင့်ရေးဆိုင်ရာ သဘောတူစာချုပ်များမှ ဖွဲ့စည်းထားသော အဖွဲ့များမှ ထုတ်ပြန်သည့် တရားဝင်ခိုင်လုံသည့် အဓိပ္ပာယ်ဖွင့်ဆိုသုံးသပ်ချက်များနှင့် တရားရုံးများ၏ စီရင်ချက်များအရလည်းသိရှိနိုင်သည်။[50] ၎င်းတို့တွင် အခြား နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများဖြင့် သဘောတူ စာချုပ်များ ချုပ်ဆိုသည့်အခါ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များကို ထည့်သွင်းစဉ်းစားရန် တာဝန် ရှိပါသည်။[51]

မြန်မာနိုင်ငံ၏ ဥပဒေများတွင် အရေးပါသော လူ့အခွင့်အရေး အခြေခံမူများစွာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကိုလည်း အတည်ပြုပြဋ္ဌာန်းထားပါသည်။ ဤတွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအား ဆန်းစစ်ခြင်း၊ မြေယာ သိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေး နှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဥပဒေရေးရာ အခြေခံမူဘောင်များ ပါဝင်သည်။

[49] Burma Environmental Working Group, 2017, p. 44.

[50] S Bain, *Special Economic Zones in Myanmar and the State Duty to Protect Human Rights*, International Commission of Jurists (ICJ), 2017, pp. 5–6.

[51] International Commission of Jurists (ICJ), *Maastricht Guidelines on Violations of Economic, Social and Cultural Rights*, 26 January 1997, Art. 15(j).



**ထိုင်းနိုင်ငံမှစီးဆင်းလာသည့် သောင်ရင်းမြစ်သည် သံလွင်မြစ်၏ ပင်မမြစ်လက်တက်တစ်ခု ဖြစ်သည်**

Photo: International Rivers

သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအား ဆန်းစစ်ခြင်း (EIA) စနစ် အား ၂၀၁၂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေအောက်ရှိ ၂၀၁၅ EIA လုပ်ထုံး တွင်ဖော်ပြထားပါသည်။[52] EIA လုပ်ထုံးအောက်တွင် စီမံကိန်းများသည် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လူထု ကျန်းမာရေးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ ရလဒ်ဆိုးများ ရနိုင်ခြေရှိပါက EIA ဆန်းစစ်မှုကို ခံယူရမည်ဖြစ်သည်။[53] ထို့အပြင် EIA ခံယူရန် လိုအပ်သော စီမံကိန်းများသည် အကျိုးဆက်များအား ရှောင်ရှားရန်၊ ရင်ဆိုင်ဖြေရှင်းရန်နှင့် လျှော့ချရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး အစီအစဉ်လည်း ရေးဆွဲထားရပါမည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ EIA တစ်ခုနှင့်  ၎င်းနှင့် သက်ဆိုင်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ်ကို အတည်ပြုခွင့်၊ အခြေအနေတစ်ရပ်ဖြင့် အတည်ပြုခွင့်၊ သို့မဟုတ် ငြင်းပယ်ခွင့် အထူးအာဏာရှိသည်။ ဝန်ကြီးဌာနမှ ၎င်းတို့ကို အတည်ပြုပြီးပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပြုလက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပြီး နောက်ဆုံးစီမံကိန်းခွင့်ပြုချက်မပေးမီတွင် အဆိုပါ အသိပြုလက်မှတ်ကို လိုအပ်မည်ဖြစ်သည်။ EIA သည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကို တိုက်ရိုက် မဖြေရှင်းပေးသော်လည်း ဤလုပ်ထုံးသည် လူ့အခွင့်အရေးအပေါ် သက်ရောက်မှု ရှိနိုင်ခြေများကို နိုင်ငံတော် ဥပဒေအောက်၌ စစ်ဆေးကိုင်တွယ်စေနိုင်သည့် အရေးပါသော နည်းလမ်းတစ်ခုဖြစ်နေပါသည်။

EIA လုပ်ထုံး၏ လိုအပ်ချက်များတွင် အချက်အလက်များ ဖွင့်ဟကြေညာခြင်းနှင့် EIA လုပ်ငန်းတစ်လျောက် ပြည်သူလူထုမှ ပါဝင်မှုရှိခြင်းတို့ ပါဝင်သည်။ သို့ရာတွင် EIA လုပ်ငန်းစဉ်တွင် အများပြည်သူ ပါဝင်ခြင်း နှင့် ရေအားလျှပ်စစ်အတွက် EIA ၏လမ်းညွှန်များအပါအဝင် ယင်းတို့ကို အထောက်အပံ့ပြုသော လမ်းညွှန်ချက်များစွာမှာမူ ပြီးဆုံးခြင်း မရှိသေးချေ။ ဤအချက်သည် လက်တွေ့တွင် သင့်လျော်ပြီး အရည်အသွေးပြည့်မီ၍ အချိန်မီသော အများပြည်သူပါဝင်မှု ရရှိနိုင်ရန် ခက်ခဲစေသည်။[54]

EIA လုပ်ငန်းစဉ်သည် အလိုမတူဘဲ ပြန်လည်နေရာချထားမှု၊ သို့မဟုတ်၊ ဌာနေတိုင်းရင်းသားများ အပေါ် ဆိုးကျိုးများသက်ရောက်စေနိုင်မှုရှိသော စီမံကိန်းများကို ကမ္ဘာ့ဘဏ်အဖွဲ့နှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့၏ ဘေးကင်းရေး မူဝါဒများ အပါအဝင် အလိုမတူဘဲ ပြန်လည်နေရာချထားမှုနှင့် ဌာနေတိုင်းရင်းသားများအတွက် အပြည်ပြည်ဆိုင်ရာ စံများအား လိုက်နာစေရန် အမိန့်ချမှတ်ထားသည်။[55]

---

[52] *Myanmar Environmental Impact Assessment Procedure*, Republic of the Union of Myanmar (MOECAF Notification 616 of 29 December 2015).

[53] Ibid, Art 2(g).

[54] S Bain, 2017, p. 36.

[55] *Myanmar EIA Procedure*, 2015, Art. 7.



**အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းထိန်းသိမ်းရေးနှင့် ရေကာတာဆန့်ကျင်ရေးနေ့တွင် ကရင်တိုင်းရင်းသား ရွာသားများ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ မဟာမိတ်များတို့က လွတ်လပ်စွာစီးဆင်းဆဲ သံလွင်မြစ်အတွက် ဆုတောင်းရန် စုဝေးခဲ့ကြပုံ**
Photo: International Rivers

မြေယာနှင့်ပတ်သက်သော မြန်မာနိုင်ငံ၏ ဥပဒေ အခြေခံတည်ဆောက်ပုံမှာ ရှုပ်ထွေး၍ ဥပဒေများစွာနှင့် စည်းမျဉ်းများစွာတို့တွင် ဖြန့်ကျက်ပါဝင်နေသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၉ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ မြေယာသိမ်းယူခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ဥပဒေ ကို ပြဋ္ဌာန်းခဲ့ပြီး[56] ကိုလိုနီခေတ် မြေယာသိမ်းယူရေး အက်ဥပဒေ(၁၈၉၄) ကို အစားထိုးခဲ့သည်။ ဤဥပဒေမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ မြေယာကို မဖြစ်မနေသိမ်းယူခြင်းနှင့် ပတ်သက်သည့် အဓိက ဥပဒေဖြစ်ပါသည်။ ဤဥပဒေတွင် နေရာပြန်လည်ချထားရေးနှင့် အလျော်ပေးခြင်းတို့အတွက် အခြားအရာများနှင့် နှိုင်းယှဉ်ကြည့်ပါက ရှင်းလင်းသော လုပ်ထုံးဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများ ပါဝင်ပါသည်။၂၀၁၆ ခုနှစ်တွင် စတင်ကျင့်သုံးသော အမျိုးသား မြေယာအသုံးချမှု မူဝါဒ သည် လူအများပါဝင်နိုင်ပြီး၊ ပွင့်လင်းမြင်သာမှုရှိ၍ တာဝန်ယူမှုရှိသော မြေယာအသုံးချမှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ရှိရန် လိုအပ်မှုကို ပိုမို သေချာစေပါသည်။ ၎င်းသည် မြန်မာ အစိုးရအား နိုင်ငံ၏ မြေယာဥပဒေများအား နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီစွာ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ဆွေးနွေးတိုင်ပင်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုစေမည်ဖြစ်သည်။[57]

၂၀၁၆ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအောက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများ ၂၀၁၇ သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အား အဆိုပြုချက်များကို စစ်ဆေးရာတွင် ရင်းနှီးမြှုပ်နှံသူများမှ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်သော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆန္ဒရှိမရှိနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒများနှင့် လူ့အခွင့်အရေးများကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။[58]

[56] Land Acquisition, Resettlement and Rehabilitation Law, Republic of the Union of Myanmar, (Pyidaungsu Hluttaw Law No. 24/2019).

[57] National Land Use Policy, Republic of the Union of Myanmar, January 2016, Article 8.

[58] Myanmar Investment Rules 2017, Art. 64 (d).

ရင်းနှီးမြှုပ်နှံမှုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုချက်ပေးခြင်းနှင့် ရင်းနှီး မြှုပ်နှံသူမှ EIA လုပ်ထုံးများ အား အပြည့်အဝ လိုက်နာမှု ရှိခြင်းတို့ကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းကမ်းများမှ တိုက်ရိုက် ချိတ်ဆက်ပေးထားပါသည်။[59]

## ရင်းနှီးမြှုပ်နှံသူများ၏ ပင်မနိုင်ငံများ၏ တာဝန်များ

တရုတ်နှင့် ထိုင်း ကုမ္ပဏီများသည် သံလွင် ဆည်များ၏ အဓိက ရင်းနှီးမြှုပ်နှံသူများဖြစ်ကြသည်။ ထိုင်းနှင့် တရုတ်တို့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်အများအပြားတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်နေသည်။ အောက်ပါအချက်များအား တရုတ်နှင့် ထိုင်းတို့ လက်မှတ်ရေးထိုးအတည်ပြုထားသည်တို့မှာ:

- **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ်**
- **အမျိုးသမီးများအား နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခြင်းကို ဖျက်သိမ်းရေး သဘောတူညီချက်စာချုပ်**
- **ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်စာချုပ်တို့ဖြစ်ကြသည်။**

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး သဘောတူညီချက် ကို ထိုင်းနိုင်ငံမှ လက်မှတ်ရေးထိုးအတည်ပြုထားပြီး တရုတ်မှ လက်မှတ်ရေးထားသည်။ ထိုင်းနှင့် တရုတ် စီးပွားရေးလုပ်ငန်းများအပေါ် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ လက်တွေ့ကျင့်သုံးခြင်းသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီပါ။

### *ထိုင်းနိုင်ငံ*

ထိုင်းနိုင်ငံ လျှပ်စစ်ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ (EGAT) သည် နိုင်ငံပိုင် လုပ်ငန်းတစ်ခုဖြစ်ပြီး EGAT International ဟုခေါ်သည့် ယင်းမှ အပြည့်အဝပိုင်ဆိုင်သော လုပ်ငန်းခွဲမှတဆင့် မောင်းတုန် (တာဆန်း) နှင့် ဟတ်ကြီး ဆည်တို့နှင့် ပတ်သက်သော ကိစ္စများတွင် ပါဝင် ပတ်သက်နေသည်။ မြန်မာနိုင်ငံရှိ EGAT လုပ်ငန်းများအား နိုင်ငံခြား တရားစီရင်ရေးစနစ်များအောက်တွင် လုပ်ကိုင်နေသော ထိုင်းကုမ္ပဏီများနှင့် ပတ်သက်၍ တိုင်တန်းသည်များကို ကြားနာပိုင်ခွင့်ရှိသော ထိုင်းနိုင်ငံ၏ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ပြန်လည်စစ်ဆေးနိုင်သည်။

၂၀၁၉တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ အမျိုးသား လုပ်ငန်းစဉ် စီမံချက်က[60] ို စတင်ကျင့်သုံးခဲ့သည်နှင့်အတူ ထိုင်းနိုင်ငံ၏ နိုင်ငံခြားတွင် လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ၏ အကျိုးဆက်များအပေါ် စုံစမ်းစစ်ဆေးမှုသည်လည်း တိုးလာနိုင်သည်။ အဆိုပါ စီမံချက်တွင် ထိုင်းနိုင်ငံ၏ နိုင်ငံပြင်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် နယ်နမိတ်ပြင်ပ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရန်တာဝန်များလည်း ပါဝင်သည်။ နိုင်ငံခြားတွင် လုပ်ငန်းလုပ်ဆောင်နေသည့် ကုမ္ပဏီများသည် လူ့အခွင့်အရေးများကို လေးစားခြင်း အပါအဝင် နိုင်ငံတကာ စံနှုန်းများအား လိုက်နာရန် လိုအပ်ကြောင်း ထိုင်းအစိုးရမှ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဤအချက်ကို ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက် နှစ်ရပ် တွင်ဖော်ပြခဲ့ပြီး ၎င်းတို့တွင် ထိုင်းကုမ္ပဏီ လုပ်ငန်းလုပ်ဆောင်မှုများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ လူ့အခွင့်အရေးများအပေါ်သက်ရောက်မှုများ နှင့် ပတ်သက်သည့် နိုင်ငံ၏ သက်ဆိုင်ရာ နယ်နမိတ်ပြင်ပ လိုက်နာရန်တာဝန်များနှင့် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ အား လိုက်နာရန် လိုအပ်ပုံတို့ကို အသိအမှတ်ပြုဖော်ပြခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း နိုင်ငံပိုင် လုပ်ငန်း ၅၅ ခုအား ၎င်းတို့ လုပ်ငန်းများကို ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများနှင့် ကိုက်ညီမှုရှိစွာ ဦးစီးလုပ်ဆောင်ပြရန် ထိုင်းနိုင်ငံ အစိုးရမှ ညွှန်ကြားခဲ့ပါသည်။[61]

---

[59] Ibid, Art. 190.

[60] ၂၀၁၉–၂၀၂၀ ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပထမဦးဆုံးသော လက်တွေ့အကောင်အထည်ဖော်ရေး စီမံကိန်း <http://www.th.undp.org/content/thailand/en/home/library/democratic_governance/thailand-s-1st-national-action-plan-on-business-and-human-rights.html#:~:text=Thailand's%20first%20National%20Action%20Plan,Cabinet%20on%2029%20October%202019.&text=These%20four%20priority%20areas%20are,Border%20Investment%20and%20Multinational%20Enterprises>

[61] United Nations Office of the High Commissioner for Human Rights (OHCHR), *Working Group on Business and Human Rights, Statement at the end of visit to Thailand by the United Nations Working Group on Business and Human Rights*, OHCHR, 2018. <https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=22915&LangID=>.

## *တရုတ်*

တရုတ် သံလွင် လုပ်ငန်း ရှယ်ယာ ပိုင်ရှင်များ အတွက်မူ ကော်ပိုရိတ် လူမှု တာဝန်များနှင့် ပတ်သက်သည့် ဒေသတွင်း စံနှုန်းများသည် လက်တွေ့တွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများထက် ပို၍ သက်ဆိုင်နေသည်။ တရုတ် ရှယ်ယာပိုင်ရှင်များစွာတို့သည် တရုတ်နိုင်ငံ၏ နိုင်ငံပိုင် လုပ်ငန်းများ ဖြစ်ပြီး ဗဟိုအစိုးရ(China Three Gorges Project Corporation နှင့် China Southern Power Grid) ၏ လက်အောက်တွင်တွင်ရှိနေသည့်အတွက် တရုတ်နိုင်ငံ၏ ဗဟိုထိန်းချုပ်မှုအောက်ရှိ နိုင်ငံပိုင် လုပ်ငန်းများကို ကွပ်ကဲသော အမျိုးသား ကောင်စီ၏ နိုင်ငံပိုင် ပစ္စည်း ကြီးကြပ်ရေးနှင့် ကွပ်ကဲရေး ကော်မရှင် (SASAC) ၏ အောက်တွက်ရှိပါသည်။ ဤကောင်စီမှ ထုတ်ပြန်ထားသည့် နည်းလမ်းနှင့် လမ်းညွှန်ချက်များစွာတို့သည် သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၏ တာဝန်များနှင့် သက်ဆိုင်မှု ရှိနိုင်ပါသည်။ ဥပမာ– ဗဟိုလုပ်ငန်းများ၏ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများအား ကြီးကြပ်ရေးနှင့် ကွပ်ကဲရေး နည်းလမ်းများ (SASAC [2017] #35) သည် ဗဟို ထိန်းချုပ်မှုအောက်ရှိ နိုင်ငံပိုင် လုပ်ငန်းများအား  ၎င်းတို့ ရင်းနှီးမြှုပ်နှံထားပြီး  လုပ်ငန်း လုပ်ဆောင်နေသော နိုင်ငံများရှိ ဥပဒေများ၊ စည်းမျဉ်းများ၊ စီးပွားရေး စည်းမျဉ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြုအမူများကို လိုက်နာရန် လမ်းညွှန်ထားပါသည်။

ကောင်စီမှ ထုတ်ပြန်ထားသော ကော်ပိုရိတ် လူမှု တာဝန်များနှင့် ပတ်သက်၍ ဗဟိုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ရှိသော နိုင်ငံပိုင် လုပ်ငန်းများအတွက် လမ်းညွှန်များ သည် ကော်ပိုရိတ် လူမှု တာဝန်များနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ ပထမဆုံးသော စာဖြင့်ရေးသားထားသော ကတိကဝတ်ဖြစ်ပါသည်။ ဤလမ်းညွှန်များသည် အခွင့်အရေးများကို အခြေပြုထားခြင်း မဟုတ်သော်လည်း ယင်းတို့သည် အရင်းအမြစ်များ ရှိသည့် နိုင်ငံပိုင် လုပ်ငန်းများကို ၎င်းတို့၏ စီမံကိန်းများတွင် ကော်ပိုရိတ်လူမှုတာဝန်များကို တက်တက်ကြွကြွဆောင်ရွက်ရန်၊ ကော်ပိုရိတ်လူမှုအစီရင်ခံရာတွင် အသေးစိတ်တင်ပြရန်နှင့် ၎င်းတို့၏ စီမံကိန်းများထဲတွင် ကော်ပိုရိတ်လူမှုတာဝန်များကို ဖြည့်ဆည်းရန်အတွက် စနစ်များနှင့် ယန္တရားများကို သတ်မှတ်ပေးပြီး ကဏ္ဍအလိုက်ပါဝင်သူများအတွက် ဆက်သွယ်ရေးနှင့် ဆွေးနွေးရေးယန္တရားများကို ဆောင်ရွက်ရန်အားပေးထားပါသည်။

နိုင်ငံပိုင် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရာ နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များအပါအဝင် အိမ်ရှင်နိုင်ငံ၏ ဥပဒေများနှင့်  ဥပဒေဆိုင်ရာ မူဘောင်များ နှင့်လည်း လိုက်လျောညီထွေရှိရန် လိုအပ်ကြောင်း ကောင်စီလမ်းညွှန်များတွင် ဖော်ပြထားပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပူးတွဲ လုပ်ဆောင်မှုတွင် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး (၂၀၁၃) အပါအဝင် အခြားသော ပြင်ပ ရင်းနှီးမြှုပ်နှံမှုများတွက် တရုတ်နိုင်ငံ၏ စံနှုန်းများနှင့် ပို၍ လက်တလောကျသော အစိမ်းရောင်ပိုးလမ်းမ မြှင့်တင်ရေး လမ်းညွှန် (၂၀၁၇) တို့သည်လည်း အလားတူပင် တရုတ် ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံရာ နိုင်ငံများ၏ ဒေသန္တရ ဥပဒေများ၊ ဥပဒေဆိုင်ရာ မူဘောင်များနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်း လမ်းညွှန်ထားပါသည်။

ထို့အပြင် အချို့သော တရုတ်ကုမ္ပဏီများသည်လည်း ယင်းတို့၏ ကုမ္ပဏီတွင်း မူဝါဒများကို လမ်းညွှန်နိုင်ရန် နိုင်ငံတကာစံနှုန်းများကို သဘောတူ ကျင့်သုံးလာကြပြီ ဖြစ်သည်။ ဥပမာ၊ တရုတ်နိုင်ငံ၏ EXIM ဘဏ်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း၏ စွမ်းဆောင်ရည် စံနှုန်းများ အပေါ်အခြေခံသည့် ဌာနတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ အန္တရာယ်များကို စိစစ်သည့် လုပ်ငန်းစဉ်ကို ကျင့်သုံးနေပါသည်။[62] တရုတ်ပြည်၏ နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်း (State Grid Corporation of China) သည်လည်း ၎င်း၏ ကော်ပိုရိတ် လူမှု တာဝန် စွမ်းဆောင်ရည် လမ်းညွှန်တွင် စံပြုရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၏ လူမှု တာဝန်များနှင့် ပတ်သက်သည့် ISO ၂၆၀၀၀:၂၀၁၀ လမ်းညွှန် ကို ထည့်သွင်းဖော်ပြထားပါသည်။[63]

> **စံနှုန်းများနှင့် ပို၍ လက်တလောကျသော အစိမ်းရောင်ပိုးလမ်းမ မြှင့်တင်ရေး လမ်းညွှန် (၂၀၁၇) တို့သည်လည်း အလားတူပင် တရုတ် ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံရာ နိုင်ငံများ၏ ဒေသန္တရ ဥပဒေများ၊ ဥပဒေဆိုင်ရာ မူဘောင်များနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်း လမ်းညွှန်ထားပါသည်။**

---

[62] International Finance Corporation, *IFC's role in China's Financial Sector Transformation*, International Finance Corporation, 2012. <http://documents1.worldbank.org/curated/en/225981468263351007/pdf/835100WP0v10IF00Box382079B00PUBLIC0.pdf>.

[63] State Grid Corporation of China, *2017 Corporate Social Responsibility Report*, State Grid Corporation of China, 2018. <http://www.sgcc.com.cn/html/files/2018-08/29/20180829165036376453337.pdf>.

တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများတွင် အခွင့်အရေးများကို လိုက်နာရမည့် တာဝန်များအကြောင်း ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း အထောက်အထားများက ညွှန်ပြနေပါသည်။ တရုတ်အစိုးရသည် နိုင်ငံများဖက်စပ်လုပ်ဆောင်သည့် ကော်ပိုရေးရှင်းများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေအရ ချည်နှောင်မှု နှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် အား ထောက်ခံကြောင်း ဆန္ဒပြုခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ဆန္ဒမပြုမီ ဖော်ပြခဲ့သော ရှင်းလင်းချက်တွင် တရုတ်အစိုးရသည် လုပ်ငန်းခွင်တွင်၊ အထူးသဖြင့် နိုင်ငံများ ဖက်စပ်လုပ်ဆောင်နေသော ကော်ပိုရေးရှင်းများတွင် လူ့အခွင့်အရေးများအား ပိုမိုလေးစားမှုရှိစေရန် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြိုးစားမှုများကို ထောက်ခံကြောင်း လည်း ဖော်ပြခဲ့ပါသည်။[64] ဖော်ပြခဲ့ပါသည်။ "အမှန်တကယ် အကျိုးရလဒ်များ သေချာပေါက် ရရှိစေရန် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမှုများ တိုးတက်ဖော်ဆောင်ရေး အတွက် ညှိနှိုင်းဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ" ကို ထောက်ခံကြောင်းလည်း တရုတ်နိုင်ငံမှ ပြောဆိုခဲ့ပါသည်။"[65] ၂၀၁၉ မတ်လတွင် တရုတ်နိုင်ငံသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီတွင် ပြုလုပ်သော ၎င်း၏ အပြည်ပြည်ဆိုင်ရာအချိန်အပိုင်းအခြားအလိုက် စိစစ်ရေး၏ တစ်စိတ်တစ်ပိုင်းအနေနှင့် နိုင်ငံခြား သယံဇာတ တူးဖော်ရေးနှင့် အခြေခံတည်ဆောက်ပုံ စီမံချက်များ၌ လူ့အခွင့်အရေးဖောက်ဖျက်မှုများအား ဖြေရှင်းရန် ပေးသော အကြံပေးချက် အများအပြားတို့ကို တရားဝင် လက်ခံခဲ့ပါသည်။[66]

---

[64] United Nations Human Rights Council, *Resolution on the Elaboration of an International Legally Binding Instrument on Transnational Corporations and Other Business Enterprises with Respect to Human Rights*, A/HRC/26/L.22/Rev.1, 26 June 2014.

[65] Office of the High Commissioner for Human Rights, 'Human Rights Council Establishes Working Group to Elaborate an International Legally Binding Instrument on Transnational Corporations and Other Business Enterprises', 26 June 2014, see: www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=14785&LangID=E#sthash.jm6Jcyp5.dpuf


[66] F Koop & R Soutar, 'China acknowledges Latin American human rights pleas', *Diálogo Chino*, 29 March 2019. <http://dialogochino.net/25431-china-acknowledges-latin-american-human-rights-pleas/>.

**မွန်ပြည်နယ် ပေါင်မြို့နယ် မကျီးကျွန်း သံလွင်မြစ်ကမ်းပါးပေါ်ရှိ ရပ်ရွာလူထုပိုင် စိုက်ခင်း**
Photo: Mi Ah Chai






ထိုင်း-မြန်မာနယ်စပ်ရှိ သံလွင်မြစ်။
Photo: International Rivers



# အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် ကုစား ဖြေရှင်းပေးခြင်း

လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် ကုစားဖြေရှင်းပေးခြင်းများ ရှိရန် လိုအပ်ကြောင်း ကုလသမဂ္ဂ လမ်းညွှန် အခြေခံမှုများတွင် ဖော်ပြထားပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပဒေပြုခြင်းဆိုင်ရာ နည်းလမ်းများဖြင့် ဖြစ်စေ၊ အခြား သင့်လျော်ရာ နည်းလမ်းများဖြင့်ဖြစ်စေ သေချာပေါက် ကုစားဖြေရှင်းပေးရမည်မှာ နိုင်ငံတိုင်း၏ အဓိက တာဝန်တစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ကုစားဖြေရှင်းပေးရန်မှာ စီးပွားရေးလုပ်ငန်းများ၏ တာဝန်လည်း ဖြစ်ပါသည်။ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည့် အခါဖြစ်စေ အဆိုပါ သက်ရောက်မှုများတွင် တစ်စိတ်တစ်ပိုင်း အနေဖြင့် ပါဝင်မိသည့်အခါတွင် စီးပွားရေးလုပ်ငန်းတစ်ခုသည် “မှန်ကန်တိကျသော လမ်းကြောင်းများမှ တစ်ဆင့် ကုစားဖြေရှင်းခြင်း၊ ကုစားဖြေရှင်းမှုတွင် ပူးပေါင်းပါဝင်ပေးခြင်းတို့ ပြုလုပ်ရမည်။” (ကုလသမဂ္ဂ လမ်းညွှန်ချက် အခြေခံမှု ၂၂)

## အိမ်ရှင် မြန်မာနိုင်ငံ အတွင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ပိုမိုတင်းကြပ်သော ဥပဒေများကို မြန်မာနိုင်ငံတွင် စတင် ကျင့်သုံးနေပြီဖြစ်သည်။ အဆိုပါဥပဒေတို့တွင်  မဖြစ်မနေလက်ခံရမည် ဖြစ်သော ၂၀၁၅ EIA လုပ်ငန်းစဉ် ပါဝင်သည်။ လက်ရှိ ရှိနှင့်ပြီးသော သံလွင်ဆည် EIA များသည် ၂၀၁၅ မတိုင်မီက ပြုလုပ်ထားခြင်းဖြစ်ပြီး ၎င်းတို့မှာ EIA စနစ်အသစ်၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် အသင့်မဖြစ်သေးပါ။  စီမံကိန်းများသည် ဆိုးဝါးသောလူမှုသက်ရောက်မှုများနှင့် နိုင်ငံတကာ ပဋိညာဉ်များ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်ပတ်သက်၍ အစီရင်ခံ ရမည်ဖြစ်ကြောင်း ဤစနစ်သစ်တွင် ဖော်ပြထားပါသည်။ ရှိနှင့်ပြီးသော စီမံကိန်းများသည်လည်း  မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုချက်ရရှိရန် အတွက် EIA ရယူရန် လိုအပ်သေးကြောင်း ပြန်လည်ပြင်ဆင်ထားသော EIA လုပ်ငန်းစဉ် အပိုဒ် ၈ တွင်ဖော်ပြထားပါသည်။ သံလွင်ဆည်များ၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ဤသို့ ပိုမိုတင်းကြပ်ထားသော စည်းမျဉ်းများအောက်တွင် ပြန်လည်စစ်ဆေးခြင်းဖြင့်  ၎င်းတို့၏ လုပ်ကိုင်နိုင်စွမ်းနှင့် ခွင့်ပြုချက်ရရှိခြင်းတို့နှင့် ပတ်သက်ပြီး မတူညီသော ဆုံးဖြတ်ချက်များ ရရှိစေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများမှလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အား ရင်းနှီးမြှုပ်နှံသူများသည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဆန္ဒရှိ၊မရှိ ကိုဆုံးဖြတ်ရန် လမ်းညွှန်ထားပါသည်။ ရင်းနှီးမြှုပ်နှံသူ၏ သိက္ခာနှင့်အညီဆောင်ရွက်မှုနှင့် နာမည်ပျက်မရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားရာတွင်  ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်းနှင့် လက်တွဲလုပ်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုအပေါ် စိတ်ဝင်စားမှုရှိသော မည်သူမဆိုသည် မြန်မာနိုင်ငံ၏ မည်သည့် ဥပဒေ သို့မဟုန် စီရင်ဆုံးဖြတ်ချက်ကိုမဆို ဖောက်ဖျက်မှု ရှိ၊ မရှိ ကိုလေ့လာနိုင်ပါသည်။ ဤစည်းမျဉ်းများတွင် သဘာဝပတ်ဝန်းကျင်၊ အလုပ်သမားရေးရာ၊ အခွန်၊ လာဘ်ထိုးခြင်း၊ အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေး ဆိုင်ရာ ဥပဒေများကို ဖော်ပြထားပါသည်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများသည် ကော်မရှင်အား အငြင်းပွားမှုများဖြစ်လာပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် နစ်နာမှုဖြေရှင်းရေး ယန္တရားတစ်ခု ဖော်ဆောင် စီမံနိုင်ရန် အားပေးပါသည်။[67]

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည် နောက်ထပ် နိုင်ငံတော်အခြေပြု ယန္တရားတစ်ခုဖြစ်ပြီး ၎င်းမှတစ်ဆင့် အိမ်ရှင်နိုင်ငံအတွက် ကုစားဖြေရှင်းပေးမှုများ ရရှိနိုင်ပါသည်။ ဤကော်မရှင်မှ ဖြေရှင်းပေးရသည့် ကိစ္စအများစုမှာ မြေသိမ်းခံရခြင်း အပါအဝင် ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများဖြစ်ပါသည်။[68]

## ရင်းနှီးမြှုပ်နှံသူများ၏ မိခင်နိုင်ငံများတွင်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများသည် အရှေ့တောင်အာရှအပါအဝင် တရားစီရင်ရေးစနစ်များစွာတို့တွက် ပိုမိုတိုးပွားနေပါသည်။ ဥပမာ – ထိုင်းနိုင်ငံတွင် ထိုင်းစီးပွားရေး စီမံကိန်းများမှ ဖြစ်သော အခွင့်အရေး ချိုးဖောက်မှုများကို ထိုင်းနိုင်ငံမှစစ်ဆေးမှုအတွက် အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ လာအိုတွင်ရှိသော ဆာယာဘူရီဆည်နှင့် ဟုန်ဆာလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ရှိသော ခေါန်ခယဲန်(KSL)သကြားစက်ရုံတို့ကို ပါဝင်ခဲ့ပါသည်။ ထိုင်းနိုင်ငံ တရားမမှုဆိုင်ရာခုံရုံးတွင် ထိုင်းသကြားကုမ္ပဏီ တစ်ခုကို လက်တလော တရားစွဲဆိုမှုတစ်ခု၌ ကမ္ဘောဒီးယားတွင် မြေသိမ်းခြင်းနှင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းတို့ဖြင့် စွဲချက်တင်ထားခြင်းသည် သက်ဆိုင်ရာနယ်နမိတ်ပြင်ပတွင် ဥပဒေနှင့် လူ့အခွင့်အရေး ဆိုင်ရာလိုက်နာရန်တာဝန် များကို ဖောက်ဖျက်မှုများပါဝင်နေသည့် အမှုများ ဖြစ်ပေါ်လာနိုင်ခြေ ရှိနေကြောင်းကို မီးမောင်းထိုးပြထားပါသည်။[69]

---

[67] Myanmar Investment Law, art. 25(n) and art. 82(k) 2016, Myanmar Investment Rules 2017.

[68] Organisation for Economic Co-operation and Development, *Background Note: Myanmar Responsible Business Conduct and the OECD Guidelines for Multinational Enterprises*, OECD, 2014, p. 7. <http://www.oecd.org/daf/inv/mne/2014-Myanmar-Responsible-Investment-Conference-Background-Note.pdf>.

[69] R Chandran, 'Cambodian farmers battle in landmark lawsuit against Thai sugar firm,' Reuters, 12 June 2019. <http://uk.reuters.com/article/us-cambodia-landrights-court/cambodian-farmers-battle-in-landmark-lawsuit-against-thai-sugar-firm-idUSKCN1TD00P>.

## မိမိဆန္ဒအလျောက်သဘောတူထားသည့် စည်းမျဉ်းများမှတစ်ဆင့်ဆောင်ရွက်ခြင်း

ကုမ္ပဏီများသည် လုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ စွန့်ဦးလုပ်ဆောင်ချက်များတွက် မိမိဆန္ဒအလျောက် သဘောတူပါဝင်ခွင့်ရှိပါသည်။ အဆိုပါလုပ်ဆောင်ချက်များတွင် စစ်ဆေးမှု အနည်းငယ်သာရှိပြီး ကုမ္ပဏီမှလိုက်နာမှုရှိမရှိကို စောင့်ကြည့်ခြင်းလည်း အလွန်နည်းပါးသည့်အပြင် စံနှုန်းများချမှတ်ရန် လိုအပ်သော တိကျသည့် လမ်းစဉ်များလည်း မရှိပါ။
အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်သည် နိုင်ငံပေါင်း ၁၇၀ နိုင်ငံကျော်မှ အဖွဲ့ဝင် ၁၃,၅၀၀ ကျော်ပါဝင်သော အဖွဲ့ဝင်များမှ မိမိဆန္ဒအလျောက်လက်ခံထားသော ကမ္ဘာ့အကြီးဆုံး ကော်ပိုရိတ်များ ရေရှည်တည်တံ့ခိုင်မြဲရေး စည်းမျဉ်းတစ်ခုဖြစ်ပါသည်။ သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများဖြစ်သည့် တရုတ် တောင်ပိုင်း လျှပ်စစ်ဓာတ်အားလိုင်းနှင့် ရွှေတောင် အဖွဲ့တို့သည်လည်း လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ လက်မှတ်ရေးထိုးထားသူများသည် အခြေခံမှု ဆယ်ချက်နှင့် ၎င်းတို့၏ လက်တွေ့ကျင့်သုံးရေး လမ်းညွှန်များကို လိုက်နာရမည်ဖြစ်ပါသည်။ သံလွင်ဆည်များအတွက်အကျုံးဝင်သော အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ အခြေခံမှုများမှာ အခြေခံမှု ၁–“ လုပ်ငန်းများသည် နိုင်ငံတကာမှ ကြေညာထားသော လူ့အခွင့်အရေးများအား ကာကွယ်ရေးကို လေးစား၍ ထောက်ခံရမည်” နှင့် အခြေခံမှု ၂– “လုပ်ငန်းများသည် လူ့အခွင့် အရေးချိုးဖောက်မှုများတွင် ပါဝင် ပတ်သက်မှု လုံးဝမရှိရပါ။” တို့ ဖြစ်ကြပါသည်။

အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ သဘောတူညီချက်ကဲ့သို့ မိမိဆန္ဒအလျောက်သဘောတူလက်ခံထားသော စည်းမျဉ်းများတွင် သက်ရောက်မှုယန္တရားများ မရှိသော်လည်း ကုမ္ပဏီများမှ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေဆိုင်ရာ သက်ရောက်မှုများနှင့် နောက်ဆက်တွဲများကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ဥပမာ ကုမ္ပဏီနှင့် ပုဂ္ဂလိက အဖွဲ့အစည်း/ပုဂ္ဂိုလ်များ အကြား ချုပ်ဆိုထားသော စာချုပ်များတွင် ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ စာချုပ်၌ ကုမ္ပဏီမှ လက်မှတ်ရေးထိုးထားပြီး အခြေခံမှုများကို လိုက်နာမည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ပိုမို ယေဘုယျကျစွာ ဖော်ပြရလျှင် သဘောတူလက်ခံသည့် စည်းမျဉ်းတွင် လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းသည် ထိုသို့ပါဝင်လက်မှတ်ရေးထိုးသည့် ကုမ္ပဏီထံမှ အပြုအမူ အဆင့်တစ်ခုကို မျှော်မှန်းနိုင်ရန်သတ်မှတ် လိုက်ခြင်းဟု ယူဆနိုင်ပါသည်။ ဤ စည်းမျဉ်းတွင်ပါဝင်ခြင်းဖြင့် ၎င်း၏ အခြေခံမှုများကို ထည့်သွင်းကျင့်သုံးရန် ကုမ္ပဏီမှ သဘောတူလိုက်ခြင်းဖြစ်ပါသည်။[70]

Choc နှင့် Hudbay အမှုတွင် ကနေဒါ ကုမ္ပဏီ တစ်ခုဖြစ်သည့် Hudbay Minerals Inc သည် ဂွာတီမာလာနိုင်ငံရှိ စီမံကိန်းတစ်ခု၏ လုံခြုံရေးမှ ဖြစ်ပေါ်လာသော လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ပေါ့လျော့ပြီး ကာကွယ်မှုမပေးနိုင်သောကြောင့် တရားစွဲဆိုမှု ခံခဲ့ရပါသည်။ ဤအမှုတွင်  Hudbay သည် ၎င်း လူသိရှင်ကြား ကြေငြာထားသည့်အတိုင်း လုံခြုံရေးနှင့် လူ့အခွင့်အရေးများနှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ လမ်းညွှန် အခြေခံမှုများနှင့် သဘောတူလက်ခံထားသော အခြေခံမှုများကိုလိုက်နာမည်ဟု ယူဆထားပါသည်။ “Hudbay မှနေ၍  ၎င်းနှင့် ဒေသခံလူ့အဖွဲ့အစည်းများအကြား ဆက်ဆံရေးနှင့် ၎င်းမှနေ၍ လူ့အခွင့်အရေးကို တသွေမသိမ်း လေးစားမှုတို့ကို လူသိရှင်ကြား ကိုယ်စားပြုဖော်ပြခဲ့သည့်အတွက် တရားလိုဘက်မှ၎င်းအားမျှော်လင့်ချက်များ ထားမိခြင်း ဖြစ်နိုင်ကြောင်း” ပြောကြားခဲ့ပါသည်။[71]

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်အတွက် ရေရှည်တည်တံ့ရေး သို့မဟုတ် လူ့အခွင့်အရေးစွန့်ဦး လုပ်ငန်းများတွင် သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ ပါဝင်ခြင်းသည် ဆည် စီမံကိန်းများနှင့် များစွာ သက်ဆိုင်နေပြီး ဥပဒေရေးရာ ကိစ္စများတွင် အသုံးပြုနိုင်ပါသည်။ ပိုမို ယေဘုယျကျစွာ ပြောရလျှင်  သဘောတူ လက်ခံထားသော စည်းမျဉ်းများသည် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၏ လုပ်ဆောင်ချက်များနှင့် ၎င်းတို့လုပ်ဆောင်ချက်များအား ကိုယ်စားပြုခြင်းများကို စစ်ဆေးရန် နည်းလမ်းတစ်ခုဖြစ်နေပါသည်။

[70] M Camilleri, 2015, p.17.

[71] *Choc v Hudbay Minerals Inc*, 2013, ONSC 1414, [69].



မွန်ပြည်နယ် ဘီလူးကျွန်းတွင် ငါးဖမ်းပြီးနောက်
အိမ်ပြန်ရန် ပြင်ဆင်နေကြသည့် ရပ်သူရွာသားများ
Photo: Mi Ah Chai

# စီမံကိန်း ဘဏ္ဍာရေးနှင့် သက်ဆိုင်သော အခြေခံမှုများ

စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး မူဘောင်များစွာ တို့သည် စီမံကိန်းများအတွက် ငွေကြေး ထောက်ပံ့ပေးသော စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍကို အလေးထားကြပါသည်။ ဤမူဘောင်များသည် ရင်းနှီးမြှုပ်နှံသူများကို ကုမ္ပဏီများနှင့် ၎င်းတို့ ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီ စီမံကိန်းများတွင် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများမှ ကာကွယ်ရန်နှင့် ရှောင်ရှားနိုင်ရန် ကူညီပေးနိုင်ရန် ရည်ရွယ်ပါသည်။





၂။ သံလွင်မြစ်ကမ်းဘေး ဝေးလံခေါင်ဖျားသော အရပ်ဒေသရှိ ရွာတစ်ရွာ
Photo: Sophia Harris

ထိပ်တန်း အထွေထွေမူဘောင်မှာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ အခြေခံမူများ ဖြစ်ပါသည်။ ဤအခြေခံမူများသည် အချိန်နှင့်တစ်မျှပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စပြဿနာတို့၏ ရင်းနှီးမြှုပ်နှံမှုများ အပေါ် သက်ရောက်မှု ကိုအခြေခံထားပြီး ၎င်းတို့ကို ရင်းနှီးမြှုပ်နှံသူများမှ ယင်းတို့၏ တာဝန်များ ပြည့်ဝစွာ ထမ်းဆောင်နိုင်ရန် အပြည့်အဝ ထည့် သွင်းကျင့်သုံးရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအား သဘာဝပတ်ဝန်းကျင်၊ လူမှု နှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်ပြီး ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် ဆက်ဆံမှုရှိသော "အမှန်တစ်ကယ် အကျိုးဝင်သက်ရောက်သော လုပ်ငန်းပိုင်ရှင်များ" ဖြစ်မှသာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပေလိမ့်မည်။ ဥပမာ "တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု" ကိုကျင့်သုံးသော သံလွင် စီမံကိန်းရင်းနှီးမြှုပ်နှံသူများ သည် သဘာဝပတ်ဝန်းကျင်၊ လူမှု နှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများနှင့် ဆည်များနှင့်ပတ်သက်သည့် အန္တရာယ်များ နှင့်ပတ်သက်ပြီး သံလွင်စီမံကိန်း ဖြစ်မြောက်ရေး ကုမ္ပဏီများနှင့် အဆက်အသွယ်မပြတ်ရှိရမည်ဖြစ်သည်။

ငွေကြေးဆိုင်ရာ ကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူအချို့အတွက် အပြည်ပြည်နိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း စွမ်းဆောင်ရည် စံနှုန်းများ အပါအဝင် အခြားသော မူဘောင်များကိုလည်း ကျယ်ပြန့်စွာ အသုံးပြုနေကြပြီး ၎င်းတို့သည် ကော်ပိုရေးရှင်းမှ ငွေကြေးပံ့ပိုးပေးထားသော စီမံကိန်းများအတွက် အကျုံးဝင်ပါသည်။ ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက စီးပွားရေး ဘဏ်များစွာတို့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း စွမ်းဆောင်ရည် စံနှုန်းများကို အခြေခံထားသည့် အီကွေတာ အခြေခံမူများ ကိုအသုံးပြုပါသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ အခြေခံမူများနှင့် ပဋိပက္ခ ဖြစ်ပွားရာဒေသများနှင့် အန္တရာယ်များသော ဒေသများတွင်  တာဝန်ယူမှုရှိသော လုပ်ငန်းလုပ်ဆောင်ရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် ညွှန်ကြားချက် တို့တွင် သံလွင် စီမံကိန်း ရင်းနှီးမြှုပ်နှံသူများက စီမံကိန်း ဖြစ်မြောက်ရေး ကုမ္ပဏီများထံမှ ဖွင့်ဟပြောဆိုမှုကို တောင်းဆိုသင့်ကြပုံကို ဖော်ပြနေပါသည်။ ၎င်းတို့မှ ၎င်းတို့၏ ပင်တိုင် စီးပွားရေးသည် ပဋိပက္ခ ဖြစ်ပွားမှုများနှင့် ဆက်စပ်နေခြင်းနှင့် ပတ်သက်၍ စုံစမ်းသင့်ပြီး ကုမ္ပဏီကြောင့် ဘေးမဖြစ်စေကြောင်း သေချာစွာ

သိသင့်ပါသည်။ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ အခြေခံမူများ ၏ အခြေခံမူ ၂ နှင့် လိုက်နာမှုရှိစေရန် ရင်းနှီးမြှုပ်နှံသူများမှ အောက်ပါမေးခွန်းများကို မဖြစ်မနေမေးကြရပါမည်[72] :

- သံလွင် ဆည်ကုမ္ပဏီများမှ ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ၏ လိုအပ်သော နောက်ကြောင်းစစ်ဆေးမှုများ ပြုလုပ်ပြီးပြီလား?– ပြုလုပ်ပြီးပါက မည်မျှ ထိရောက်စွာ ပြုလုပ်ခဲ့ပါသလဲ?
- ပဋိပက္ခဖြစ်ပွားနေရာ ဒေသများတွင် လုပ်ငန်းလုပ်ဆောင်ခြင်းနှင့် ပတ်သက်သည့် မူဝါဒများ ရှိပါသလား? မလိုလားအပ်သော အန္တရာယ်များနှင့် အကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် မည်သို့ ပြုလုပ်ရမည်နည်း?
- လုပ်ငန်းများတွင် မမြှုပ်နှံမီနှင့် လုပ်ငန်းမစတင်မီတွင် (အခြားလူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ စစ်ဆေးရေး လုပ်ငန်းစဉ်များ အပြင်) တိကျသေချာသော "ပဋိပက္ခ ဖြစ်ပွားနိုင်ခြေနှင့် အကျိုးသက်ရောက်မှု စစ်ဆေးမှုများ" ပြုလုပ်ခဲ့ပါသလား?
- ကုမ္ပဏီမှ ရရှိသော နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များသည် အချိန်နှင့် တပြေးညီဖြစ်၍ ယုံကြည်ရစေရန်အတွက် ကုမ္ပဏီ၏ လုပ်ငန်းခွင် ဝန်းကျင်ကို မှန်မှန်နှင့် ဆက်တိုက် ကြည့်ရှုစစ်ဆေးမှု ပြုလုပ်ပါသလား? ၎င်းတို့နှင့်လုပ်ငန်း လုပ်ဆောင်နေသော ဒေသခံ အဖွဲ့အစည်းများမှာ မည်သည်တို့ ဖြစ်သနည်း? ၎င်းအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဒေသန္တရ ကျွမ်းကျင်မှုများနှင့် အရည်အချင်းများမှာ အဘယ်နည်း?

ကုမ္ပဏီများမှ အဓိက ဒေသများနှင့် ပတ်သက်၍ အချက်အလက် စုဆောင်းခြင်းအပြင် ရင်းနှီးမြှုပ်နှံသူတို့မှလည်း နိုင်ငံများစွာစုပေါင်းပါဝင်သော လုပ်ငန်းများအတွက် OECD လမ်းညွှန်များအောက်တွင်ရှိသည့် ကုမ္ပဏီများ၏ လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံမည့် အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့ အစည်းများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ ဖော်ပြထားသော အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် OECD လမ်းညွှန်ကို လေ့လာသင့်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတော်အဆင့် ဆက်သွယ်ရန် သတ်မှတ်နေရာသို့ တင်ပြထားသော နိုင်ငံများစွာ စုပေါင်းလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းများအတွက် OECD လမ်းညွှန်များနှင့်ပတ်သက်၍ ဖောက်ဖျက်မိသည့် အမှုများရှိနိုင်ခြင်းနှင့် နိုင်ငံတော်အဆင့် ဆက်သွယ်ရန် သတ်မှတ်နေရာမှ ထုတ်ပြန်ချက်များနှင့် အကြံပြုချက်များကိုလည်း ရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့ ကုမ္ပဏီများနှင့် ဆက်ဆံသည့်အခါ သုံးနိုင်ကြောင်း OECD လမ်းညွှန်တွင်ဖော်ပြထားပါသည်။[73] ရေအားလျှပ်စစ် ကဏ္ဍနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ပဋိပက္ခဖြစ်ပွားနေရာ ဒေသများနှင့် အန္တရာယ်များသော ဒေသများတွင် ဓါတ်သတ္တုများတူးဖော်ရာတွင် တာဝန်ယူမှု ရှိရေးအတွက် လိုအပ်သော နောက်ခံအချက်အလက်များ စစ်ဆေးရေးအတွက် လမ်းညွှန်ကိုလည်း OECD တွင် ဖော်ပြထားပါသည်။[74]

# ရင်းနှီးမြှုပ်နှံမှုတွင် ကြုံတွေ့ရနိုင်သော အန္တရာယ်များ

သံလွင် ဆည်များအား ရင်းနှီးမြှုပ်နှံမှုအတွက် သုံးသပ်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတို့နှင့် ပါဝင်ပတ်သတ်ပြီး ရင်းနှီးမြှုပ်နှံသူတို့အနေနှင့် ၎င်းတို့၏ တာဝန်များ လုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားသင့်သော သိသာထင်ရှားသည့် တရားဥပဒေဆိုင်ရာ၊ ငွေကြေးဆိုင်ရာ နှင့် ဂုဏ်သိက္ခာဆိုင်ရာ အန္တရာယ်များကို ဖော်ပြထားပါသည်။ ယင်းအန္တရာယ်များ၏ အကျဉ်းချုံးဖော်ပြချက်များကို အောက်တွေ ဖော်ပြထားပါသည်:

### *ဥပဒေဆိုင်ရာ အန္တရာယ်များ*

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်စေရန် ရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီများကို နိုင်ငံတကာ စံနှုန်းများကို လိုက်နာနေကြောင်း အစီရင်ခံရန် တောင်းဆိုရမည်ဖြစ်သည်။ ကုမ္ပဏီတစ်ခုမှ ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများအရ လိုအပ်သော နောက်ခံအကြောင်းအရာများစစ်ဆေးရန် ပျက်ကွက်ပါက နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိဟု ယူဆမည်ဖြစ်သည်။ ဤသို့ အခြေအနေတစ်ရပ် ဖန်တီးလိုက်ခြင်းသည် သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအား ဤဆည်များကြောင့်ဖြစ်လာနိုင်သည့် လူမှုဘဝထိခိုက်မှုများအတွက် တာဝန်ယူရခြင်းမျိုး ဖြစ်နိုင်သည်။ စီးပွားရေးလုပ်ငန်းသည် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင်ဖြစ်ပါက ဤ ဥပဒေဆိုင်ရာ အန္တရာယ်များ ဖြစ်ပွားနိုင်ခြေ ပိုမြင့်တက်လာပါသည်။ ဤသည်ကို ဟတ်ကြီး၊ ကွန်းလောင်း နှင့် မောင်းတုန် (တာဆန်း) ဆည်များအတွက် ပြင်ဆင်မှုပြုလုပ်နေစဉ် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်ကို ကြည့်ခြင်းဖြင့် တွေ့နိုင်ပါသည်။

စီမံကိန်း ရင်းနှီးမြှုပ်နှံသူများနှင့် ဖြစ်မြောက်ရေး လုပ်ဆောင်နေသူများသည် လူ့အခွင့်အရေးချိုးဖောက်မှုများတွ င် တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်ဟု သတ်မှတ်ခြင်းခံရပါက ကုစားဖြေရှင်းပေးရန် တာဝန်ယူရနိုင်ခြေရှိသည်။ ၎င်းတို့သည် မြန်မာနိုင်ငံနှင့် တိုင်းတပါးတရားစီရင်ရေးစနစ်တို့အရ တရားဝင် တိုင်ကြားခံရခြင်း၊ တရား ရင်ဆိုင်ရခြင်း တို့ ရှိနိုင်သည်။

[72] UN Global Compact – PRI, 2010, p. 10.

[73] Organisation for Economic Co-operation and Development, Responsible business conduct for institutional investors: Key considerations for due diligence under the OECD Guidelines for Multinational Enterprises, OECD, 2017. <http://mneguidelines.oecd.org/RBC-for-Institutional-Investors.pdf>.

[74] OECD, 2016.

### *ငွေကြေးဆိုင်ရာ အန္တရာယ်များ*

သံလွင်ဆည်စီမံကိန်းများစွာတို့တွင် ကနဦးပိုင်းဆောက်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်နေစဉ် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ရပ်နားခဲ့ရခြင်းကြောင့် ယခုအခါ ရပ်နားထားသည်မှာ ဆယ်စုနှစ်တစ်ခု နီးပါးရှိပြီဖြစ်သည်။ ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းနှင့် အစိုးရမှ သံလွင်မြစ်၏ ပင်မရေစီးကြောင်းကို ရေအားလျှပ်စစ်လုပ်ငန်းတွင် ထည့်သွင်းခြင်းမပြုရန်ဟူသော အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း၏ မဟာဗျူဟာကျ သဘာဝပတ်ဝန်းကျင် စစ်ဆေးမှု အကြံပြုချက်အပေါ် မည်သို့တုန့်ပြန်မည်မှာ မသေချာသေးမှုတို့ကြောင့် ဆုံးရှုံးမှုများနှင့် နှောင့်နှေးမှုများ ဆက်လက် ကြုံတွေ့ရနိုင်သည်။ ဤအချက်များသည် စီမံကိန်းများနှင့် ၎င်းတို့အား ငွေကြေးအထောက်အပံ့ပေးသင့်ခြင်းတို့ နှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်လာစေသည်။ ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်မှုရှိမရှိနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာကြိုတင် အသိပေးထားသော အဘောတူညီချက် ရယူခြင်းသည် သိသာထင်ရှားသော ငွေကြေးကုန်ကျမှုများ ဖြစ်ပေါ်စေနိုင်ခြင်း ရှိ/မရှိဟူသော မေးခွန်းများ ထွက်ပေါ်စေနိုင်လာသည်။ ဤကုန်ကျမှုများသည် အငြင်းပွားမှုများ၊ ထုတ်လုပ်မှုတွင် အနှောက်အယှက်ဖြစ်မှုများနှင့် ပြဿနာများဖြေရှင်းရာတွင် အချိန်စီမံခန့်ခွဲမှုများ မှမြစ်ဖျားခံလာခြင်းဖြစ်နိုင်သည်။[75] အခြားသော ရေရှည် ဆုံးရှုံးနစ်နာနိုင်ခြေများတွင် အမှုရင်ဆိုင်ရခြင်းအတွက် ကုန်ကျစရိတ်များနှင့် နေရာပြောင်းရွှေ့စေခြင်းနှင့် ပြန်လည်နေရာချထားခြင်းများအတွက် လျော်ကြေးများပါဝင်နိုင်သည်။

### *ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အန္တရာယ်များ*

သံလွင် ဆည်များကို တိုင်းရင်းသား ပြည်နယ်များ တစ်လျှောက် ဆောက်လုပ်ရာတွင် ဆက်တိုက် လူစိတ်ဝင်စားခံရခြင်း မြင့်မားသော ရပ်ရွာလူထု၏ ဆန့်ကျင်ခြင်းကို ခံရသည့်အခါ သံလွင် လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအနေနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အန္တရာယ်များလည်း ကြုံတွေ့ရနိုင်ပါသည်။ အဆိုပါ အန္တရာယ်များသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ပျက်ပြယ်သွားပြီး လက်နက်ကိုင် တပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ပဋိပက္ခများ ပြန်လည် ဖြစ်ပွားပါက ပို၍ တိုးလာမည်ဖြစ်ပါသည်။ ဤအခြေအနေများတွင် လုပ်ငန်းများ၏ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ ၏ အခြေခံမူများနှင့် သဘောတူညီထားသော ကျင့်ဝတ်များအား လိုက်နာမှု ရှိမရှိကို စစ်ဆေးခြင်းသည် ပိုမို တင်းကြပ်လာနိုင်ခြေရှိသည်။

သံလွင် စီးပွားရေး ရှယ်ယာပိုင်ရှင်များနှင့် မြန်မာနိုင်ငံအစိုးရတို့က နစ်နာရသော အုပ်စုများနှင့် လုံလောက်စွာ ဆွေးနွေးမှုမရှိသောကြောင့် ဤဆည်များကို ပြည်သူလူထုမှ အုပ်စုလိုက် ကန့်ကွက်ခြင်းများ ပိုမို တိုးလာသည်။ ပြည်သူလူထုနှင့် လုံလောက်စွာ ဆွေးနွေးရန် ပျက်ကွက်ခြင်းသည် ဤဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သော လူမှုဆိုင်ရာ သက်ရောက်မှုများကို ကရုစိုက်ခြင်းမရှိဟူသော လူထု၏ အမြင်ကို ပိုဆိုးသွားစေသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုင်ရာ နောက်ခံကိစ္စများ ပိုမိုကျယ်ပြန့်နေခြင်းသည် နိုင်ငံတွင်းရှိ နိုင်ငံခြား စီးပွားရေး လုပ်ငန်းများကို နိုင်ငံကာ လူ့အဖွဲ့အစည်းများမှ ပို၍ အသေးစိတ် သုံးသပ်ခြင်း ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဤအချက်သည် အငြင်းပွားဖွယ်ရှိသော စီမံကိန်းများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူများ၊ ဖြစ်မြောက်ရေး လုပ်ဆောင်နေသူများကို စစ်ဆေးခွင့်များရရှိစေနိုင်ပြီး သတင်းမီဒီယာများမှ လူထုကို အစီရင်ခံခွင့် ရရှိစေနိုင်လိမ့်မည်။

[75] OECD, 2014, p. 8.



ထိုင်းနိုင်ငံမှစီးဆင်းလာသည့် သောင်ရင်းမြစ်သည် သံလွင်မြစ်၏
ပင်မမြစ်လက်တက်တစ်ခု ဖြစ်သည်
Photo: International Rivers

# လူ့အခွင့်အရေးများကို ကာကွယ်ရန် လှုပ်ရှားမှုများပြုလုပ်ခြင်း





သံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ
မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ်များ၌
နေရပ်စွန့်ခွာတိမ်းရှောင်ရသူများသည်
စစ်စနစ်သွတ်သွင်းမှုနှင့်
လူ့အခွင့်အရေးချိုးဖောက်မှုတို့၏
ဒဏ်ကို ခံစားကြရသည်
Photo: International Rivers

## ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်ပတ်သက်သူများ

သံလွင်ရေကာတာစီမံကိန်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည်။

- ပဋိပက္ခဖြစ်ပွားနေသော ဒေသများရှိ လုပ်ငန်းများသည် “အခြေအနေကို ပိုမိုမဆိုးစေရ” ဟူ၍ ကုလသမဂ္ဂ လမ်းညွှန်မှ ဖော်ပြထားသည့်အားလျော်စွာ သံလွင်ဆည်များ ကိစ္စတွင် ပါဝင်ပတ်သက်နေမှုကို ရပ်တန့်ရန်။ စီမံကိန်းများအနေနှင့် ကုလသမဂ္ဂ၏ လမ်းညွှန် အခြေခံမူများနှင့် ကိုက်ညီမှုရှိကြောင်း မပြနိုင်ပါက ဆောင်ရွက်ခြင်းမပြုရန်
- ကုလသမဂ္ဂလမ်းညွှန်ချက်များ၏ လိုအပ်သော နောက်ခံအကြောင်းအရာများ စစ်ဆေးခြင်း ရှိမရှိနှင့် လွတ်လပ်စွာ ကြိုတင် အသိပေးသော သဘောတူညီချက် ရရှိထားခြင်း ရှိမရှိကို စစ်ဆေးရန် လက်ရှိအချိန်အထိ ပြုလုပ်ထားသော ကုမ္ပဏီ၏ ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးခြင်းများနှင့် သံလွင် ဆည်များကြောင့် ထိခိုက်ခံရနိုင်ခြေရှိသော အုပ်စုများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ပြန်လည် သုံးသပ်ရန်။
- ဆည်ကြောင့် ထိခိုက်မှု ရှိသွားသည့် မိရိုးဖလာမြေပိုင်ဆိုင်မှုစနစ်များကို ကျင့်သုံးနေသော လူ့အဖွဲ့အစည်းများနှင့် လက်ရှိ ရှိနေသေးသော သဘာဝသယံဇာတ စနစ်များကို အသုံးပြုနေသော လူ့အဖွဲ့အစည်းများကို အသိအမှတ်ပြုပြီး ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် အရ ၎င်းတို့၏ မြေယာ ပိုင်ဆိုင်ခွင့်များကို ထိန်းသိမ်းခွင့် ပေးရန်။

## ရင်းနှီးမြှုပ်နှံသူများ

သံလွင် ဆည်များတွင် ရင်းနှီးမြှုပ်နှံသူများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည်။

- စီမံကိန်း၏ လူမှုရေးနှင့် လူ့အခွင့် အရေးတို့အပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံထားသည့် သံလွင်မှ ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ မူဝါဒများနှင့် လုပ်ငန်းလုပ်ဆောင်ရေး မဟာဗျူဟာများသည် ကုလသမဂ္ဂ၏ လမ်းညွှန် အခြေခံမူများနှင့် ကိုက်ညီမှုမရှိပါက ရင်းနှီး မြှုပ်နှံမှုများကို ပြန်လည်ထုတ်ယူခံရခြင်း ဖြစ်နိုင်ကြောင်း ရှင်းလင်းစွာ ပြောထားရမည်။ ရင်းနှီးမြှုပ်နှံသူများသည် အောက်ပါအချက်များနှင့် ပတ်သက်၍ အချက်အလက်များရှာဖွေထားရမည်။ က) ပဋိပက္ခဖြစ်ပွားရာ ဒေသများ နှင့်/သို့မဟုတ် မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ဆောင်ခြင်းအတွက် မူဝါဒများနှင့်  အဆိုပါ မူဝါဒများသည် ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများနှင့် ကိုက်ညီမှု ရှိမရှိ နှင့် ခ) အန္တရာယ်များ လျော့နည်းရေးနှင့် လူ့အခွင့်အရေးများအပေါ် သက်ရောက်မှု လျော့နည်းရေးအတွက် ကုမ္ပဏီ၏ မဟာဗျူဟာများ
- ကုလသမဂ္ဂအခြေခံမူများနှင့်အခြား လူ့အခွင့်အရေးမူဘောင်များကို လိုက်နာမှုမရှိသော စီမံကိန်းများမှ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည် ထုတ်ယူရမည်။



## စီမံကိန်း၏ သက်ရောက်ခြင်း ခံရသော အဖွဲ့အစည်းများ

စီမံကိန်း၏ သက်ရောက်ခြင်းကို ခံရသော အဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

- အမှန်တကယ် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေပြီး ကုမ္ပဏီမှ ၎င်းသည် စွန့်ဦးချမှတ်စည်းမျဉ်းမူဝါဒများနှင့် လိုက်နာပါသည်ဟု ကြေငြာထားပါက အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်နှင့် အခြားသော စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စွန့်ဦးချမှတ်စည်းမျဉ်းများတွင် လိုက်နာရန် သဘောတူညီထားသော သံလွင် လုပ်ငန်းရှယ်ယာပိုင်ရှင်များကို ဥပဒေအရ အရေးယူနိုင်မည့် နည်းလမ်းများရှာဖွေနိုင်ပါသည်။

## အစိုးရများ

- မြန်မာနိုင်ငံ အစိုးရသည် သံလွင်မြစ်၏ အဓိကမြစ်ကြောင်းကို ရေအားလျှပ်စစ် ထုတ်လုပ်ရေးတွင်မပါစေရန်အတွက် မဟာဗျူဟာကျ သဘာဝပတ်ဝန်းကျင် ဆန်းစစ်ရေးမှ ထုတ်ပြန်ထားသည့် အကြံပြုချက်ကို တရားဝင် လက်ခံကျင့်သုံးရန် စဉ်းစားသင့်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလိုက်ပါက ပဋိပက္ခများနှင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ပိုဆိုးရွားစေနိုင်ခြင်းကို ရှောင်ရှားရန်အတွက် သံလွင်မြစ်၏ အဓိက မြစ်ကြောင်းပေါ်တွင် ဆောက်လုပ်ရန် စီစဉ်ထားသည့် ဆည်များအတွက် အစီအစဉ်ကို ဖျက်သိမ်းသင့်သည်။
- မြန်မာနိုင်ငံ အစိုးရသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာနအား သံလွင် ဆည်၏ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို စစ်ဆေးခြင်းအားလုံးအား ပြန်လည် ပြုပြင်စေပြီး EIA စနစ်အသစ်နှင့် အညီပြန်လည် တင်ပြစေသင့်ပြီး ထိုသို့မတင်ပြမီအထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှ စီမံကိန်းလုပ်ဆောင်ခွင့်ကို မပေးသင့်ပါ။
- ထိုင်းနိုင်ငံ အစိုးရသည် စီးပွားရေးနှင့် လူ့အခွင့်အရေးများကို လိုက်နာသည့် အနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများအား ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများနှင့် အတူ ခိုင်မာတိကျသော လမ်းညွှန်များနှင့် စွမ်းဆောင်ရည်အညွှန်းကိန်းများနှင့် လိုက်လျောညီထွေရှိစေရန် ထပ်မံ၍ လမ်းညွှန်ပေးရမည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုအစိုးရ သည်လည်း တရုတ်ကုမ္ပဏီများ၏ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတွင် လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုများသည် နိုင်ငံတကာစံနှုန်းများနှင့် ပိုမို ကိုက်ညီစေရန် အားပေးသင့်သည်။ လက်ရှိလမ်းညွှန်များနှင့် စံနှုန်းများအား ပိုမိုအားကောင်းစေရန် လုပ်ဆောင်နိုင်သည်တို့ များစွာ ရှိသည့် အနက်မှ အောက်ပါတို့ကို အဓိကထား လုပ်ဆောင်နိုင်ပါသည်။ က) နိုင်ငံပိုင် လုပ်ငန်းများ အစီရင်ခံရာတွင် အခြေခံသင့်သော လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည် အညွှန်းကိန်းများအတွက် ဘုံ မူဘောင်တစ်ခု ချမှတ်ပေးခြင်းနှင့် ခ) စောင့်ကြည့်လေ့လာခြင်းပြုလုပ်နိုင်ရန်နှင့် လိုက်နာမှုရှိစေရန် နစ်နာချက်များကို တင်ပြနိုင်သည့် လမ်းကြောင်းတစ်ခု ဖန်တီးပေးခြင်း။



# နောက်ဆက်တွဲ

## အသုံးပြုသည့် နည်းလမ်းများ၊ မူဘောင်များ နှင့် လမ်းညွှန်များ

- အီကွေတာ အခြေခံမူများ: http://equator-principles.com/about/
- နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (ICCPR): http://www.ohchr.org/en/professionalinterest/pages/ccpr.aspxext
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ (ICESCR) သဘောတူညီချက်: http://www.ohchr.org/en/professionalinterest/pages/cescr.aspx
- အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း (IFC)၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စွမ်းဆောင်ရေးဆိုင်ရာ စံနှုန်းများ: https://www.ifc.org/wps/wcm/connect/Topics_Ext_Content/IFC_External_Corporate_Site/Sustainability-At-IFC/Policies-Standards/Performance-Standards
- လူမှုတာဝန်ယူမှုအတွက် ISO ၂၆၀၀၀:၂၀၁၀ လမ်းညွှန်ချက်
- ပဋိပက္ခဖြစ်ပွားနေရာ ဒေသများနှင့် အန္တရာယ်များသော ဒေသများမှ တာဝန်ယူမှုရှိသော သတ္တု အထောက်အပံ့ လမ်းကြောင်းများအတွက် OECD လိုအပ်သော နောက်ခံအကြောင်းအရာများ စစ်ဆေးရေး လမ်းညွှန်: http://mneguidelines.oecd.org/mneguidelines/
- နိုင်ငံများစွာ ပေါင်းစပ်ပါဝင်သော လုပ်ငန်းများအတွက် OECD လမ်းညွှန်များ: http://mneguidelines.oecd.org/RBC-for-Institutional- Investors.pdf
- ကော်ပိုရိတ် လူမှုတာဝန်များအတွက် ဗဟိုအစိုးရအောက်တွင် တိုက်ရိုက်ရှိသော နိုင်ငံပိုင်လုပ်ငန်းများအတွက် SASAC လမ်းညွှန်များ
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း(UDHR): http://www.un.org/en/universal-declaration-human-rights/
- ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရ စာချုပ်: http://www.unglobalcompact.org/what-is-gc/mission/principles
- ပဋိပက္ခဖြစ်ပွားနေရာ ဒေသများနှင့် အန္တရာယ်များသော ဒေသများမှ တာဝန်ယူမှုရှိသော လုပ်ငန်းများအတွက် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာစာချုပ်: http://www.unglobalcompact.org/library/281
- စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန် အခြေခံမူများ (UNGPs): http://www.ohchr.org/documents/publications/guidingprinciplesbusinesshr_en.pdf
- တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကုလသမဂ္ဂ အခြေခံမူများ (UNPRI): http://www.unpri.org/pri/what-are-the-principles-for-responsible-investment
- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်း (UNDRIP): http://www.un.org/development/desa/indigenouspeoples/declaration-on-the-rights-of-indigenous-peoples.html
- လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့အတွက် သဘောတူထားသော အခြေခံမူများ: http://www.voluntaryprinciples.org/the-principles/



INTERNATIONAL RIVERS
people • water • life

TROSA
TRANS-BOUNDARY RIVERS OF SOUTH ASIA

Sweden
Sverige